# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက်၊ ၂၀၀၇ ခုနှစ်၊ စက်တင်ဘာ ၂၀ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၆)၊ အမှတ် (၃၅၀)


**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

# ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းစစ်ဆေး သတ်မှတ်ကာလထက်စောပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြား

**နေပြည်တော် စက်တင်ဘာ ၁၉**

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းသည် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုးရွှေလိုက်ပါ၍ ယမန်နေ့တွင် ပဲခူးတိုင်း ဖြူးမြို့ အနောက်တောင်ဘက် ၉ မိုင်ခန့်အကွာ ကွန်းချောင်းပေါ်၌ အမှတ်(၃) တည်ဆောက်ရေးမှ တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိသည်။

**ကြည့်ရှုစစ်ဆေး**

ဝန်ကြီးသည် ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန် မြေကြီးကျောက်သားတူးဖော်ခြင်းလုပ်ငန်း ဖိအားမြှင့်ဥမင်လိုဏ်တူးဖော်ပြီးစီးမှုနှင့် ဥမင်လိုဏ် ခိုင်ခံ့မှုလုပ်ငန်း၊ ဘီလပ်မြေဖိသွင်းခြင်းလုပ်ငန်း၊ ပိုက်လိုင်းနာ တပ်ဆင်ခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ချဉ်းကပ်ဥမင်လိုဏ် အမှတ်(၁) တူးဖော်ပြီးစီးမှုနှင့် ဆက်လက်တူးဖော်မှုလုပ်ငန်း၊ ရေသွယ်ဥမင်လိုဏ် အပိုင်း(၁)၊ အပိုင်း(၂) တူးဖော်ပြီးစီးမှုနှင့် ဆက်လက်တူးဖော်နေသည့် လုပ်ငန်းများကို ဥမင်လိုဏ်တစ်လျှောက် ဝင်ရောက်ကြည့်ရှုစစ်ဆေးရာ စီမံကိန်းညွှန်ကြားရေးမှူး ဦးမော်သာထွေးနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးတိုးလွင်တို့က လုပ်ငန်းပိုင်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

*စာမျက်နှာ ၉ ကော်လံ ၇* ●





**ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်း**

**အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။** (အမှတ်–၁ လျှပ်စစ်)

# မျိုးကောင်းမျိုးသန့်ဝက်များ ပိုမိုထုတ်လုပ်ဖြန့်ဖြူး သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၉**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးရှိ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း မျိုးရင်းစစ်ကြက်မွေးမြူရေးခြံသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ခြံမန်နေဂျာ ဒေါက်တာငွေးဇော်ဦးနှင့် အထွေထွေမန်နေဂျာ ဒေါက်တာပြည့်စုံတို့က လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက ထုတ်လုပ်မှုရည်မှန်းချက်များ ပြည့်မီအောင် စီမံဆောင်ရွက်သွားရန်နှင့် အဏုဇီဝလုံခြုံရေးကို အထူးဂရုစိုက်ရန် မှာကြားသည်။

**အထူးဂရုစိုက်**

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် ခြေမြစ်ပင်ကျေးရွာရှိ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း ဘိုးဘွားမျိုးဥစားကြက်မွေးမြူရေးခြံသို့ ရောက်ရှိပြီး ရှင်းလင်းဆောင်၌ ဒေါက်တာမြင့်ဆွေ၏ ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက ဥနှုန်းတိုးတက်မြင့်မားအောင် ဆောင်ရွက်သွားရန်နှင့် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပေါ်လာခြင်းမရှိအောင် အထူးဂရုစိုက်ရန် မှာကြားသည်။

*စာမျက်နှာ ၉ ကော်လံ ၅* ■

**ရန်ကုန်မြစ်အတွင်း ဒီရေတက်ဖွယ်ရှိ**

ရန်ကုန် စက်တင်ဘာ ၁၉

**၂၀၀၇ခုနှစ် စက်တင်ဘာ ၂၆ရက်မှ အောက်တိုဘာ ၁ ရက်အထိ ကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ ၃ ပေခန့်မှ ၂၁ ဒသမ ၇ ပေခန့်အထိ ထူးကဲဒီရေတက်ဖွယ်ရှိကြောင်း ကမ်းနားဒေသအတွင်း နေထိုင်ကြသော အများပြည်သူများအား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သတိပေးကြေညာသည်။**

(သတင်းစဉ်)

**နိုင်ငံတော်ဖွံ့ဖြိုးရေးအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

## အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ စက်တင်ဘာ ၂၀ ရက်)

# သွင်းကုန်အစားထိုး စက်မှုလုပ်ငန်းများဖော်ဆောင် ပြည်တွင်း လိုအပ်ချက်ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရာတွင် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် အရေးကြီးသည်။ စက်မှုဇုန်များ တည်ထောင်ပေးနိုင်ခြင်းကြောင့် သွင်းကုန်အစားထိုး စက်ပစ္စည်းများ၊ လူသုံးကုန်၊ အိမ်သုံးကုန်ပစ္စည်းများ၊ မော်တော်ယာဉ်များ၊ လယ်ယာသုံးစက်ပစ္စည်းများနှင့် လက်တွန်းထွန်စက်များအထိ တိုးမြှင့်ထုတ်လုပ်ပေးလျက် ရှိသည်။

စက်မှုဇုန်များတွင် ပြည်ပမှ မှာယူတင်သွင်းနေရသော စက်ပစ္စည်းများနှင့် ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်လာနိုင်သည်နှင့်အမျှ နိုင်ငံခြားငွေကုန်ကျမှုမှာလည်း လျှော့ချနိုင်မည် ဖြစ်သည်။

ယခုအခါ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် မြောင်းတကာကျေးရွာအနီးရှိ သံမဏိစက်မှုဇုန်ကို တည်ဆောက်လျက်ရှိသည်။ စက်ရုံပြီးစီးသွားပါက တည်ဆောက်ရေးလုပ်ငန်းများတွင် လိုအပ်သည့် သံမဏိသံချောင်းများ ထုတ်လုပ်နိုင်မည် ဖြစ်သည်။

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် သံမဏိချောင်းနှင့် သံမဏိပြားကို အရည်အသွေးမြင့်မားစွာ ထုတ်လုပ်လာနိုင်သည်နှင့်အမျှ နီးနွှယ်နေသော စက်မှုလုပ်ငန်းများလည်း တစ်ပါတည်း တိုးတက်ဖြစ်ထွန်းလာမည် ဖြစ်သည်။

အရှိန်အဟုန်ရလာသည့် စက်မှုဇုန်များအနေဖြင့်လည်း ထုတ်ကုန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်ရေးနှင့် အရည်အသွေး တိုးတက်ကောင်းမွန်ရေး မြှင့်တင်ကြိုးပမ်းကြရမည် ဖြစ်ပေသည်။

သို့ဖြစ်ရာ တည်ဆောက်ပြီး၊ တည်ဆောက်ဆဲ စက်မှုလုပ်ငန်းများ၊ လူသုံးကုန်၊ အိမ်သုံးကုန် စက်ရုံများက ပြည်တွင်း လိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရန် သွင်းကုန်အစားထိုးထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်ပေးသွားကြရမည် ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



## မြဝတီရုပ်မြင်သံကြား

၂၀-၉-၂၀၀၇ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄း၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄း၃၅ ၅။ နားဝင်ငြိမ့်စီး သီချင်းကြီး
- ၄း၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅း၂၅ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၅း၃၀ ၈။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၅း၃၅ ၉။ ရွှင်ကြည်ပြုံးစရာ တေးကဗျာ
- ၅း၄၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆း၂၅ ၁၃။ လျှပ်တစ်ပြက်
- ၆း၄၀ ၁၄။ လှုပ်လှုပ်ရှားရှားပုံရိပ်များ
- ၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကိုယ့်အချစ်ဆုံး** (အပိုင်း-၈)
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ ကုန်သွယ်သုတ
- ၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သစ္စာကြီးမားး(သား)ပေါင်ချိန်** (အပိုင်း-၂၇)



# အမှတ်(၂) သတ္တုတွင်းလုပ်ငန်းနှင့် ထာဝရသတ္တုတူးဖော်ရေး ကုမ္ပဏီတို့ ကျောက်ပုထိုး ရွှေထုတ်လုပ်ရေး သတ္တုတွင်းအား

## ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်လုပ်ငန်း စာချုပ်ချုပ်ဆို




**နေပြည်တော် စက်တင်ဘာ ၁၉**

သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၂) သတ္တုတွင်းလုပ်ငန်းနှင့် ထာဝရ သတ္တုတူးဖော်ထုတ်လုပ်ရေး ကုမ္ပဏီတို့၏ ကျောက်ပုထိုး ရွှေထုတ်လုပ်ရေး သတ္တုတွင်းအား ရွှေသတ္တုထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်လုပ်ငန်း စာချုပ် ချုပ်ဆိုခြင်း အခမ်းအနားကို ယမန်နေ့နံနက် ၁၀နာရီက နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန သီရိရတနာ ခန်းမ၌ ကျင်းပရာ သတ္တုတွင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ရှေ့နေချုပ်ဦးအေးမောင်၊သတ္တုတွင်းဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ထာဝရ သတ္တု တူးဖော်ထုတ်လုပ်ရေး ကုမ္ပဏီမှ ဒါရိုက်တာအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ အမှတ်(၂) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးလှသိန်းက စာချုပ် ချုပ်ဆိုခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ထာဝရ သတ္တု တူးဖော်ထုတ်လုပ်ရေး ကုမ္ပဏီ ကိုယ်စား ဒါရိုက်တာ ဦးမောင်ကိုက ကျေးဇူးတင်စကား ပြောကြားသည်။

**ရေးထိုး**

ထို့နောက် အမှတ်(၂) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ထာဝရ သတ္တုတူးဖော် ထုတ်လုပ်ရေး ကုမ္ပဏီ ဒါရိုက်တာ ဦးမောင်ကို တို့က စာချုပ်လက်မှတ်ရေးထိုးကြကြောင်း သတင်းရရှိသည်။ **(အပေါ်ဝဲပုံ)**

**(သတင်းစဉ်)**

## ဆက်ကပ်လှူဒါန်း

**ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းတော်အတွင်း ကုန်းတော်မြတ်နေရာ၌ ဗုဒ္ဓဂယာ အောင်မြေဗောဓိ မဟာဗောဓိစေတီတော်မြတ် ပုံစံတူတည်ဆောက်ဆဲ ဖြစ်သော(ဧရိယာ ၄၅ပေ × ၈၁ပေ) အမြင့် မဟာဗောဓိ စေတီတော် အတွက် ရန်ကုန်တိုင်း အလုံမြို့နယ် ၄ဝါလမ်း အမှတ် ၈၅၊ ငါးလွှာနေ ဦးမောင်မောင်ဦး-ဒေါ်သန်းသန်းရီ၊ သား မောင်စောလွင်ဦး၊ မောင်ထူးအောင်ဦး၊ မောင်တိုးပြည့်စုံဦး မိသားစုက အလှူငွေကျပ်တစ်သိန်းကို အမှုဆောင်ဆရာတော် အရှင်တေဇိန္ဒ (Ph.D, Thesis၊ မြွှာစရိယ) ဗုဒ္ဓဂယာထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

**ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင်အပရာဇိတ ဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တောင်ဘက်စောင်းတန်းတော်ကြီးတည်ဆောက်ရန်အတွက် ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် ဖဆပလရပ်ကွက် တိုက်၁၆ အခန်း၁၄နေ ဖခင်ကြီး ဦးတင်ခိုင်(ညွှန်မှူး၊ ထွေ/အုပ်)အားရည်စူး၍ ဒေါ်နုခင်မိသားစုက ငွေကျပ်နှစ်သိန်း ငါးသောင်းလှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ဝင် ဦးအုန်းကြိုင်နှင့် ဦးသန်းလွင်တို့က လက်ခံယူစဉ်။** (က-ပ)

# ပိုလီယိုကာကွယ်ဆေး အရည်အသွေးပြည့်မီစွာ တိုက်ကျွေးနိုင်ရေးအလေးထား အမျိုးသားရေးအသွင်ဖြင့် အင်တိုက်အားတိုက် ဆက်လက်ပူးပေါင်းဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၉

**အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ၂၀၀၇ခုနှစ် ဗဟိုဦးစီးကော်မတီအစည်းအဝေးကို ယမန်နေ့နံနက်၁၀နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာမြဦးနှင့် ဒေါက်တာပိုင်စိုး အမျိုးသားကာကွယ်ဆေးတိုက်နေ့ကျင်းပရေး ဗဟိုဦးစီးကော်မတီဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။**





## ဝိုင်းဝန်းပံ့ပိုး

ရှေးဦးစွာ ကျန်းမာရေး ဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့် **(ယာပုံ)**က အဖွင့် အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံအတွင်း၌ရှိသည့် ကလေးများအားကာကွယ်ဆေးဖြင့် ကာကွယ်နိုင်သော ရောဂါခုနစ်မျိုးမှ ကင်းဝေးစေရေးအတွက် နှစ်စဉ်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် အမြင့်မားဆုံးသော နိုင်ငံရေးဦးဆောင်ပံ့ပိုးမှု၊ ကျန်းမာရေးဝန်ကြီးဌာနနှင့်နီးနွယ်နေသောဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၏ အောက်ခြေအဆင့်အထိ ဝိုင်းဝန်းကူညီ ပံ့ပိုးဆောင်ရွက်မှုတို့ကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နှစ်စဉ်ကာကွယ်ဆေးထိုး လွှမ်းခြုံမှုများ မြင့်မြင့်မားမား ရရှိအောင်ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးနိုင်ခဲ့ကြောင်း၊ ကာကွယ်ဆေးတိုက်ကျွေး ထိုးနှံပေးခြင်းဖြင့် ကလေးများ၏ ကျန်းမာရေးကို တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပြီး "တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး"ဆိုသည့် လူမှုရေးဦးတည်ချက်ကို တစ်ဖက်တစ်လမ်းက ဖော်ဆောင်ရာလည်းရောက်ကြောင်း၊ ကျန်းမာရေး ဝန်ကြီးဌာနက ချမှတ်ထားသည့် "လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာ နေထိုင်နိုင်ရေး"နှင့် ရောဂါဘယ ကင်းဝေးရေးဆိုသည့် ရည်မှန်းချက်နှစ်ရပ်ကိုလည်း တစ်ဖက်တစ်လမ်းက အားဖြည့် ကူညီပေးရာရောက်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန အနေဖြင့် မြန်မာနိုင်ငံအတွင်း၌ရှိသည့် ကလေးများအား ကာကွယ်ဆေးဖြင့် ကာကွယ်နိုင်သော ရောဂါခုနစ်မျိုးမှ ကင်းဝေးအောင်ဆောင်ရွက်ခဲ့ရာတွင် ပိုလီယိုအကြောသေ ရောဂါသည်လည်း အရေးကြီးသည့် ရောဂါတစ်ခု ဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင် ၁၉၉၆ ခုနှစ်မှ စတင်၍ ပိုလီယိုရောဂါ ကင်းစင်ရေးအတွက် အမျိုးသား ကာကွယ်ဆေး တိုက်နေ့များကို ရှစ်ကြိမ်၊ ဒေသအလိုက် အမျိုးသားကာကွယ်ဆေး တိုက်နေ့များကို လေးကြိမ် စုစုပေါင်း ၁၂ ကြိမ်အထိ ကျင်းပဆောင်ရွက်နိုင်ခဲ့သည့်အတွက် ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၆ ခုနှစ် နှစ်ဆန်းပိုင်းအထိ ခြောက်နှစ်ကျော် ပိုလီယိုအကြောသေရောဂါ လုံးဝပပျောက်ခဲ့သော်လည်း ၂၀၀၇ခုနှစ် မတ်လတွင် ပိုလီယိုကာကွယ်ဆေးထိုး လွှမ်းခြုံမှု အားနည်းသည့်ရခိုင်ပြည်နယ် မောင်တောမြို့နယ်သို့ တစ်ဖက်နိုင်ငံမှ ပိုလီယို အရိုင်းပိုးများ ကူးစက်ဝင်ရောက်မှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ပိုလီယိုရောဂါများ၏ ကူးစက် ပြန့်ပွားမှုမှ ထိန်းချုပ်နိုင်ရေးနှင့် ကလေးငယ်များတွင် ရောဂါပိုး ခုခံနိုင်မှုစွမ်းအားများ မြင့်မားရေးကို ရှေးရှုပြီး မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိ မွေးကင်းစမှ ငါးနှစ်အောက် ကလေးအားလုံးအား ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးနိုင်ရန်အတွက် ယခုကဲ့သို့ အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ကျင်းပရေးကို အကောင်အထည်ဖော်ရခြင်းဖြစ်ကြောင်း၊ အမျိုးသားကာကွယ်ဆေး တိုက်နေ့များ ကျင်းပရေးလုပ်ငန်းကို အဆင့် နှစ်ဆင့်ခွဲ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပထမအဆင့်အနေဖြင့် ၂၀၀၇ခုနှစ် နိုဝင်ဘာ၃ရက်မှ ၅ရက်အထိလည်းကောင်း၊ ဒုတိယအဆင့်အနေဖြင့် ၂၀၀၇ခုနှစ် ဒီဇင်ဘာ ၂ရက်မှ ၄ရက်အထိ လည်းကောင်း မြန်မာတစ်နိုင်ငံလုံးရှိ မြို့နယ်ပေါင်း ၃၂၅ မြို့နယ်ရှိ မွေးကင်းစမှ ငါးနှစ်အောက်ကလေးပေါင်း ၇ဒသမ ၂သန်းအား ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးရန် ရည်မှန်းထားပြီး လွှမ်းခြုံမှု ရာခိုင်နှုန်းပြည့်ရရှိရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပင်မကာကွယ် ဆေးတိုက်အဖွဲ့ပေါင်း ၂၄၀၀၀၊ ဆေးတိုက်မည့်သူပေါင်း ၄၈၀၀၀နှင့် အရန်အားဖြည့် အဖွဲ့များဖြင့် ပိုလီယို ကာကွယ်ဆေးများကို အရည်အသွေးကောင်းမွန်သော အအေးလမ်းကြောင်း စနစ်ဖြင့် ထိန်းသိမ်းသယ်ယူပြီး အရည်အသွေးပြည့်မီစွာ ဆေးတိုက်ကျွေးနိုင်ရေးကို အလေးထား ဆောင်ရွက်ခြင်းနှင့် တစ်အိမ်တက်ဆင်း ကာကွယ် ဆေးတိုက်ကျွေးခြင်းများကို ဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

## အကောင်အထည်ဖော်

နယ်စပ်ဒေသများ၊ဝေးလံခေါင်ဖျားသည့် ကျေးရွာကလေးများ၊ အထူးဒေသများမှ ကလေးများကိုပါ မကျန်စေရန် အတွက်စီမံချက်အဆင့်ဆင့်ရေးဆွဲထားပြီး တစ်ချိန်တည်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ယခုနှစ် အမျိုးသားကာကွယ်ဆေး တိုက်နေ့များ ၂၀၀၇ခုနှစ် ဗဟိုဦးစီးကော်မတီအနေဖြင့် ကာကွယ်ဆေးများနှင့်ပံ့ပိုးပစ္စည်းများ၊ ပညာပေးအထောက်အကူပြုပစ္စည်းများ၊ အအေးလမ်းကြောင်းဆိုင်ရာ ပစ္စည်းများ အချိန်မီထောက်ပံ့ပို့ဆောင် ဖြန့်ဖြူးနိုင်ရေးအတွက်လည်းကောင်း၊စည်းရုံးလှုံ့ဆော်ရေးဆိုင်ရာ ပညာပေးအထောက်အကူပြု လုပ်ငန်းစဉ်များနှင့် ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့မှ လှုံ့ဆော်မှုများကို အချိန်နှင့် တစ်ပြေးညီ ထုတ်လွှင့်ပါဝင်နိုင်ရန်အတွက်လည်းကောင်း၊ ရုပ်ရှင်ဂီတနှင့်သဘင်အစည်းအရုံးတို့ကဝိုင်းဝန်းပံ့ပိုးကူညီပေးကြပါရန်နှင့် ရန်ပုံငွေရှာဖွေရေး ဆပ်ကော်မတီက လိုအပ်သောရန်ပုံငွေရှာဖွေခြင်းလုပ်ငန်းများကို လည်းကောင်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးကြစေလိုကြောင်း။

မြန်မာနိုင်ငံ၌ ပိုလီယိုရောဂါ ပပျောက်ရေးရည်မှန်းချက် အောင်မြင်မှုပန်းတိုင်ကို ရောက်ရှိနိုင်ရန် အလွန်အရေးကြီးကြောင်း။

## ကာကွယ်ဆေးတိုက်ကျွေး

မလိုလားအပ်သည့် ဆိုးကျိုးများမှ ကာကွယ်နိုင်ရန်အတွက် ကာကွယ်ဆေးမတိုက်ကျွေးမီ ကလေးငယ်များကို ကျန်းမာရေးစစ်ဆေးခြင်းနှင့် ကာကွယ်ဆေးတိုက်ကျွေးပြီးနောက် စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ကျန်းမာရေး ဝန်ထမ်းများအား စနစ်တကျ သင်တန်းပေး၍ ကာကွယ်ဆေးတိုက်ကျွေးမည်ဖြစ်ကြောင်း။

အမျိုးသားကာကွယ်ဆေးတိုက်နေ့များတွင် မွေးကင်းစမှ အသက် (၅)နှစ်အောက် ကလေးငယ်ပေါင်း ခုနစ်သန်းကျော်အား ပိုလီယိုကာကွယ်ဆေးထပ်မံတိုက်ကျွေးခြင်းဖြင့် ကလေးငယ်များတွင် ခုခံစွမ်းအားများမြင့်မားပြီး ပိုလီယိုအရိုင်းပိုးများနှင့် ပိုလီယိုကာကွယ်ဆေးမှ အသွင်ပြောင်းလာသော ပိုလီယိုရောဂါပိုးများကို ထိန်းချုပ်ဖြတ်တောက်နိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံသည် ပိုလီယိုကင်းစင်သော နိုင်ငံအဖြစ် ကမ္ဘာသို့ ပြန်လည်ကြေညာနိုင်မည် ဖြစ်သည့်အတွက် အမျိုးသားရေး အသွင်ဖြင့် အင်တိုက်အားတိုက်ဆက်လက်ပူးပေါင်း ပါဝင် ဆောင်ရွက်စေလိုကြောင်းဖြင့် ပြောကြားသည်။

## တင်ပြဆွေးနွေး

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ တာဝန်ရှိသူများနှင့် ဗဟိုဦးစီးကော်မတီဝင်များက အမျိုးသား ကာကွယ်ဆေးတိုက်နေ့များ ၂၀၀၇ခုနှစ်တွင်ဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ်များကို တင်ပြဆွေးနွေးကြသည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က နိဂုံးချုပ် အမှာစကား ပြောကြားသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံ ဆရာဝန်အသင်း အဏုဇီဝဗေဒအဖွဲ့ ဟောပြောပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၉**

မြန်မာနိုင်ငံဆရာဝန်အသင်း အဏုဇီဝဗေဒအဖွဲ့က ကြီးမှူးကျင်းပမည့် Food- borne diseases and food safety ဟောပြောပွဲကို စက်တင်ဘာ ၂၂ရက် (စနေနေ့) နံနက် ၉နာရီမှ ၁၂နာရီအထိ သိမ်ဖြူလမ်း မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင် (အေ)တွင် ကျင်းပမည်။

ဟောပြောပွဲတွင် ဒေါက်တာဦးကျော်လင်း၊ ဒေါက်တာဒေါ်ခင်မြတ်နွယ်၊ ပါမောက္ခ ဒေါ်မကြည်အောင်၊ တွဲဖက်ပါမောက္ခ ဦးဝင်းမြတ်အေးနှင့် ဒေါက်တာ ဦးဇော်သန်းထွန်းတို့က ဟောပြောကြမည်ဖြစ်ရာ စိတ်ပါဝင်စားသူအားလုံး တက်ရောက်နိုင်ကြောင်းနှင့် အဏုဇီဝဗေဒဌာန ဆေးတက္ကသိုလ်(၁)၊ ဆေးတက္ကသိုလ်(၂)နှင့် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)၊ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနများတွင် မှတ်ပုံတင်နိုင်ကြောင်းနှင့် ဟောပြောပွဲ ကျင်းပမည့် ရက်တွင်လည်း မြန်မာနိုင်ငံဆရာဝန်အသင်း၌ မှတ်ပုံတင်နိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း စာတမ်းဖတ်ပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၉**

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း 'စွမ်းအင်နှင့် ပြန်ပြည့်မြဲ စွမ်းအင်ကော်မတီ'က ကြီးမှူးကျင်းပမည့် စွမ်းအင်နှင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ (၀၂/၂၀၀၇)စာတမ်းဖတ်ပွဲကို မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ Seminar Room မြေညီထပ် တက္ကသိုလ်များ (လှိုင်နယ်မြေ) လှိုင်မြို့နယ်တွင် စက်တင်ဘာ၂၂ရက် (စနေနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ကျင်းပမည်ဖြစ်သည်။

## တက်ရောက်နိုင်

စာတမ်းဖတ်ပွဲတွင် စာတမ်းရှင် KKS Engineering Co., Ltd. မှ Chairmanဦးထွန်းနိုင်အောင်က The Guide of Choosing Best Suitable RE and Energy Security စာတမ်းခေါင်းစဉ်ကို လည်းကောင်း၊ San San Engineering Co., Ltd. မှ Managing Directorဦးတင်ဝင်းက Bio Energy and Small- Hydro Power Utilization in Integrated Farming စာတမ်းခေါင်းစဉ်ကိုလည်းကောင်း အသီးသီး ဖတ်ကြားမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူမည်သူမဆို မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံ တက္ကသိုလ်များ (လှိုင်နယ်မြေ) လှိုင်မြို့နယ်သို့ တက်ရောက်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံဆရာဝန်အသင်း ဗဟိုဦးစီးအဖွဲ့ စည်းဝေးမည်

**ရန်ကုန် စက်တင်ဘာ ၁၉**

မြန်မာနိုင်ငံဆရာဝန်အသင်း ဗဟိုဦးစီးအဖွဲ့၏ တတိယအကြိမ် အစည်းအဝေးကို စက်တင်ဘာ၂၉ရက် (စနေနေ့) နံနက်၁၀နာရီတွင် အမှတ်၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ ပြည်နယ်နှင့်တိုင်းများမှ ဗဟိုဦးစီးအဖွဲ့ဝင်များ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**



**စက်တင်ဘာ ၁၇ရက်က ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာဖတ်ခန်းမတွင် မြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ စာအုပ်များလှူဒါန်းပွဲ ကျင်းပရာ ရန်ကုန် အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးညွန့်က ရပ်ကွက်ဥက္ကဋ္ဌများသို့ စာအုပ်များလှူဒါန်းစဉ်။**

(မြို့နယ် ပြန်/ဆက်)




**စက်တင်ဘာ ၈ရက်က ဗဟန်းမြို့နယ် ကျိုက္ကဆံရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ၏ (၁၀)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် ထူးချွန်ဆုချီးမြှင့်ပွဲကို ရပ်ကွက်အသင်းခွဲရုံး၌ကျင်းပရာ အသင်းခွဲဥက္ကဋ္ဌဒေါ်စီစီက ရာသက်ပန်အသင်းဝင်အဆိုပြုလွှာ၃၀၀ကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်နိုင်နိုင်အောင်ထံ ပေးအပ်စဉ်။** (က-ပ)

# နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုလျက်ရှိသည့် တံတားကြီးများ

နိုင်ငံတော်က နိုင်ငံတစ်လွှား လမ်းတံတားများကို တည်ဆောက်ပေးလျက်ရှိသည်။

လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ခြင်းသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုလျက် ရှိသည်။ ထို့အပြင် ဒေသတစ်ခုနှင့်တစ်ခု လမ်းတံတားများတည်ဆောက်ဖောက်လုပ်ပေးခြင်းဖြင့် ဒေသခံပြည်သူများ အချင်းချင်း ကူးလူးဆက်ဆံမှု များပြားလာပြီး ရင်းနှီးချစ်ခင်မှုများ တိုးပွားကာ စည်းလုံးညီညွတ်မှုကိုလည်း ပိုမိုဖြစ်ပေါ်စေမည်ဖြစ်သည်။

ယခုအခါ နိုင်ငံတစ်ဝန်း လမ်းတံတားများကို နိုင်ငံတော်က တည်ဆောက်ပေးလျက်ရှိရာ တိုင်းရင်းသား ပြည်သူများ တိုင်းနှင့်ပြည်နယ်အနှံ့ တစ်ဆက်တစ်စပ်တည်း အလွယ်တကူသွားလာနိုင်ကြပြီ ဖြစ်သည်။ တစ်ချိန်က မြစ်ကူးတံတားကြီးဟူ၍ ဧရာဝတီမြစ်ကူး စစ်ကိုင်းတံတား တစ်စင်းသာရှိခဲ့ရာမှ ၁၉၈၈ခုနှစ် နောက်ပိုင်းတွင် ဧရာဝတီမြစ်ကူး ဗလမင်းထင်တံတား၊ ရတနာပုံတံတား၊ အနော်ရထာတံတား၊ နဝဒေးတံတား၊ ဗိုလ်မြတ်ထွန်းတံတား၊ သံလွင်မြစ်ကူး ဘားအံတံတား၊ တာကော်အက်တံတား စသည့် တံတားကြီးများကို တည်ဆောက်ပေးနိုင်ခဲ့သည်။

ထိုသို့သော တိုင်းရင်းသားပြည်သူများ၏ အကျိုးကျေးဇူးကို ထိရောက်စွာ အထောက်အကူပေးနိုင်သည့် တံတားကြီးများကို နိုင်ငံတော်က တည်ဆောက်ပေးနေသကဲ့သို့ ဒေသအတွက် လိုအပ်ချက်အရ တံတားလတ်၊ တံတားငယ်များကိုလည်း တည်ဆောက်ပေးလျက်ရှိသည်။ ထိုသို့ နိုင်ငံတော်က တံတားကြီး၊ တံတားငယ်များ တည်ဆောက်ပေးနေခြင်းသည် လမ်းပန်းဆက်သွယ်ရေး ခက်ခဲနေသည့် နေရာဒေသများက ပြည်သူများ သွားလာရေးလွယ်ကူချောမွေ့စေရန်၊ ဒေသထွက်ကုန်များ လွယ်ကူစွာ သယ်ယူပို့ဆောင်ပြီး ရောင်းဝယ်မှုလုပ်ငန်းများ တိုးတက်စေရန်၊ စီးပွားရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ပြီး စီးပွားရေး၊ လူမှုရေးအဆင့်အတန်းများ တိုးတက် မြင့်မားစေရန်တို့အပြင် ပညာရေး၊ ကျန်းမာရေး၊ လူမှုအခြေခံများ တိုးမြင့်လာစေရန်ဆိုသည့် ရည်ရွယ်ချက် စိတ်ရင်းစေတနာဖြင့် ဖြစ်သည်။ ယခုအခါ မြစ်ကူး၊ ချောင်းကူး တံတားကြီးများကို ဒေသလိုအပ်ချက်နှင့်အညီ တစ်နိုင်ငံလုံး ဖြန့်ကြက်ပြီး တည်ဆောက်ပေးလျက် ရှိသည်။

ထိုသို့ တံတားကြီးများ တည်ဆောက်ပေးခဲ့မှုကြောင့် ချင်းတွင်းမြစ်၊ ဧရာဝတီမြစ်၊ ရွှေလီမြစ်များ ပိုင်းခြားနေခဲ့ရသော နယ်မြေဒေသများ တစ်ဆက်တစ်စပ်တည်း ဖြစ်သွားခဲ့ပြီဖြစ်သည်။ ဖွံ့ဖြိုးမှု နောက်ကျနေခဲ့ရသည့် ရွှေလီအရှေ့ခြမ်းဒေသ၊ ဧရာဝတီအနောက် ခြမ်းဒေသ၊ ချင်းတွင်းအနောက်ခြမ်း ဒေသတို့သည် ယခုအခါ ဧရာဝတီ မြစ်ကူးတံတားကြီး ခုနစ်စင်း၊ ချင်းတွင်းမြစ်ကူးတံတားကြီး နှစ်စင်း၊ သံလွင်မြစ်ကူးတံတားကြီး ငါးစင်းတို့၏ ကျေးဇူးကြောင့် အဆိုပါဒေသများတွင် ယခင်ကထက် ပိုမိုဖွံ့ဖြိုးတိုးတက်လျက်ရှိနေပြီ ဖြစ်သည်။ ထိုသို့ တံတားကြီးများ တည်ဆောက်ပေးနိုင်ခဲ့မှုကြောင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု အခြေခံကောင်းများ၊ ဖွံ့ဖြိုးမှုဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေး အခြေခံကောင်းများ နယ်မြေဒေသ အသီးသီးတွင် ထူးခြားစွာ ပြောင်းလဲတိုးတက် ဖွံ့ဖြိုး လာခဲ့သည်။ ထို့အပြင် မြန်မာနိုင်ငံတောင်ဘက်ခြမ်းမှသည် မြောက်ဘက် ခြမ်းအထိ ပြည်ထောင်စုလမ်းမကြီးများ ဆက်သွယ်မိအောင် မြန်မာနိုင်ငံ၌ အရှည်ဆုံးဖြစ်သည့် သံလွင်မြစ်ကူး (မော်လမြိုင်) တံတားကြီးနှင့် တနင်္သာရီတိုင်းတစ်လျှောက် မြစ်ကူး၊ ချောင်းကူးတံတားများစွာ အပါအဝင် မဟာဗျူဟာမြောက် မြစ်ကူး ချောင်းကူးတံတားများစွာ နိုင်ငံတော်က တည်ဆောက်ပေးခဲ့သည်။

နိုင်ငံတော်က တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် စေတနာကောင်းဖြင့် ကြိုးစား လုပ်ဆောင်နေသော်လည်း ပြည်တွင်း၊ပြည်ပ အဖျက်သမားများက ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး မဖွံ့ဖြိုး မတိုးတက်စေရန် စေတနာဆိုးဖြင့် ရည်ရွယ်ချက်ရှိရှိ ပိတ်ဆို့ ဟန့်တားလျက်ရှိကြသည်။ သို့သော် နိုင်ငံတော်အစိုးရအနေဖြင့် ငွေကြေးအကုန်အကျများပြီး မြစ်ကူး၊ ချောင်းကူးတံတားကြီးများကို ပြည်ပမှအထောက်အပံ့မပါဘဲ မိမိတို့နိုင်ငံသူ နိုင်ငံသားပညာရှင်များ၏ စွမ်းအားဖြင့် တည်ဆောက်နိုင်ခဲ့သည်။ ၎င်းမှာ လွန်စွာမြင့်မားသည့် အမျိုးသားရေး အားမာန်ကို ဖော်ညွှန်းပြဆိုနေခြင်းပင် ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတစ်ဝန်း ဖြန့်ကြက်ကာ နေရာဒေသမရွေးသို့ အချိန်အခါမရွေး သွားလာနိုင်ရေးအတွက် တံတားများ ဖောက်လုပ်ပေးခဲ့ရာတွင် ဒေသခံပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်ကြီး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မျှော်ကိုးပြီး တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။ ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း နယ်မြေမရွေး အတူတကွ ဖွံ့ဖြိုး တိုးတက်စေရန် အတွက် ယခုကဲ့သို့ တံတားကြီးများ တည်ဆောက်ပေးနေမှုတွင် နိုင်ငံတော်က ဘဏ္ဍာငွေကြေး အမြောက်အမြား ကုန်ကျသုံးစွဲခဲ့ရသည်။

ကိုအာကာ

မြန်မာနိုင်ငံတွင် ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်း စသည့် မြစ်ကြီးများ ဖြတ်သန်းစီးဆင်းနေသကဲ့သို့ ရခိုင်ရိုးမ၊ ပဲခူးရိုးမနှင့် အနောက်ရိုးမတောင်တန်းများကလည်း ဝန်းရံကာဆီးနေရာ ဒေသဖွံ့ဖြိုးရေးအတွက် အရေးပါသော လမ်းပန်းဆက်သွယ်ရေးကို လက်တွေ့ အကောင်အထည်ဖော် တည်ဆောက် ဖောက်လုပ်ရာတွင် အခက်အခဲများစွာကြုံတွေ့ခဲ့ရသည်။ သို့သော် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက မဖြစ်မနေ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးအတွက် အစဉ်တစိုက်ကြိုးပမ်း ဆောင်ရွက်လျက်ရှိရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တည်ဆောက်ပေးခဲ့သော တနင်္သာရီတိုင်း မြိတ်မြို့ရှိ ကျွဲကူး–ကျောက်ဖျာတံတားကြီးကို ဤသို့တွေ့ရသည်။

ထိုသို့ တစ်နိုင်ငံလုံးနေရာအနှံ့ တံတားများတည်ဆောက်ခဲ့ရာတွင် နိုင်ငံတော်အကြီးအကဲ၏–

**"ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံးသည် မျှမျှတတ ဖွံ့ဖြိုးတိုးတက်နေမယ်၊ ဒေသတစ်ခုနှင့် တစ်ခုအကြား ဆူကြုံနိမ့်မြင့် ကွာဟမှုဟာ မကြီးမားစေဘဲ နည်းနိုင်သမျှ နည်းအောင် ကြိုးစားရမယ်၊ ဖွံ့ဖြိုးမှုအားနည်းနေတဲ့ နယ်မြေဒေသတွေကို နည်းလမ်းမျိုးစုံရှာပြီး ဖွံ့ဖြိုးလာအောင် ကြိုးစားပေးရမယ်၊ ပြည်ထောင်စုကြီးတစ်ခုလုံး ညီညီညွတ်ညွတ် မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာမှသာ ရေရှည်တည်တံ့ ခိုင်မြဲမည့် ပြည်ထောင်စုကြီး ဖြစ်လာမယ်"**

ဟူသော မွန်မြတ်သော လမ်းညွှန်မှုဖြင့် တံတားများ တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။

**နိုင်ငံတော်တစ်ဝန်း တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားအတွက် ရည်ရွယ်တည်ဆောက်ပေးခဲ့သော တံတားများကို ကြည့်လျှင် ၁၉၈၈ခုနှစ်မှ ၂၀၀၇ခုနှစ် ဇူလိုင်လအထိ စုစုပေါင်းပေ၁၈၀ အထက် တံတား ၂၀၇စင်း ရှိခဲ့ပြီဖြစ်သည်။**

မြန်မာနိုင်ငံအထက်ပိုင်း ကချင်ပြည်နယ် ဖားကန့်မြို့နယ်ရှိ ဒွန်ဘန်တံတားကို တည်ဆောက်ပေးနိုင်ခဲ့သလို မြန်မာနိုင်ငံ အလယ်ပိုင်းတွင် ဧရာဝတီမြစ်ကိုဖြတ်ကာ မအူပင်တံတားကြီးကဲ့သို့သော ပေ ၁၈၀အထက် တံတားမျိုး တည်ဆောက်ပေးခဲ့သည်။ မြန်မာနိုင်ငံအောက်ပိုင်း တနင်္သာရီတိုင်း မြိတ်မြို့အထွက်တွင် မြိတ်–ထားဝယ်လမ်းပေါ်ရှိ အရှည် ၃၆၁၂ပေရှိသော ကျွဲကူး–ကျောက်ဖျာ တံတားမျိုးကိုလည်း တည်ဆောက်ပေးနိုင်ခဲ့သည်။ ထို့ကြောင့် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးသို့ အထက် လယ် အောက် လျင်မြန်စွာ စုန်ဆင်း၊ ဆန်တက် အလွယ်တကူ ခရီးသွားလာနိုင်ခဲ့သလို ကုန်စည်စီးဆင်းမှုများလည်း လျင်မြန်သွက်လက်ကာ ဒေသခံပြည်သူတို့၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားလာခဲ့သည်။

**ထိုသို့ နိုင်ငံတော်က ၁၉၈၈ခုနှစ်နောက်ပိုင်းမှ ယနေ့အထိ တည်ဆောက်ပေးခဲ့သော ပေ ၁၈၀ အထက် တံတားပေါင်း ၂၀၇စင်း အပြင် တပ်မတော်သားများက တည်ဆောက်ပေးခဲ့သည့် တံတား ၁၁စင်း၊ မြန်မာ့မီးရထားက ခုနစ်စင်းနှင့် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနက တည်ဆောက်ပေးခဲ့သော တံတားနှစ်စင်း အပါအဝင်ဆိုလျှင် စုစုပေါင်း တံတား ၂၂၇စင်း ရှိခဲ့ပြီဖြစ်သည်။**

ထို့အပြင် ပြည်နယ်နှင့်တိုင်းအလိုက် တံတားများ ကွန်ရက်သဖွယ် တည်ဆောက်ခဲ့ရာတွင် ပေ၂၀မှ ပေ၁၀၀အတွင်း တံတား ၁၈၃၄ စင်းနှင့် ပေ၁၀၀မှပေ၁၈၀အတွင်း တံတားအစင်းပေါင်း၂၄၀ တည်ဆောက်ပေးနိုင်ခဲ့ခြင်းမှာ နိုင်ငံတော်ဖွံ့ဖြိုးရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူတို့၏ လူနေမှုဘဝမြင့်မားရေးတို့ကို နိုင်ငံတော်က ဦးစားပေးဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ထင်ရှားသော သာဓကများပင်ဖြစ်သည်။ ယခင်က ဒေသတစ်ခုနှင့်တစ်ခု ကူးလူးသွားလာရေးမှာ မြစ်များ၊ ချောင်းများ၊ တောင်များ ကာရံတားဆီးနေသော အခက်အခဲများကို နိုင်ငံတော်က စေတနာရှေ့ထား ကြိုးစားဖယ်ရှားပေးခဲ့ခြင်းလည်း ဖြစ်သည်။

ယခုအခါ နိုင်ငံတော်က တံတားကြီး၊ တံတားလတ်၊ တံတားငယ်များကို နိုင်ငံအနှံ့အပြားတွင် ဆက်လက် တည်ဆောက်နေဆဲပင် ဖြစ်သည်။

ထိုသို့ **နိုင်ငံတော်က လမ်းတံတားကြီးများကို စေတနာ ရှေ့ထားပြီး နေ့မအားညမနား တည်ဆောက်အကောင်အထည်ဖော် ပေးနိုင်ခဲ့မှုကြောင့် ယခင်ခေတ်ကာလများက မိမိတို့ တိုင်းအတွင်းရှိ မြို့ရွာအချင်းချင်းပင် ရေလမ်းက အချိန်ယူသွားလာနေခဲ့ရသည့် အခြေအနေမှ ယခုအခါ မော်တော်ယာဉ်ငယ်များ၊ ကုန်တင်ယာဉ်ကြီးများဖြင့် ဥဒဟိုကူးသန်းသွားလာနိုင်ကြပြီဖြစ်သည်။ အဆိုပါ မြင်ကွင်းသည် အနာဂတ်အမိမြန်မာနိုင်ငံတော်ကြီး၏ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေး၏ ရောင်ခြည်ဦးများပင်** ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်က ကျေးလက်ဒေသလုပ်ငန်းစဉ်ကြီး(၅)ရပ် အနက် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးဟူသည့် လုပ်ငန်းစဉ်ကြီးကို အောင်မြင်အောင် အကောင်အထည်ဖော်ပေးနေခြင်းသည် တိုင်းရင်းသားပြည်သူများ ဒေသမရွေး၊ နယ်မြေမရွေး၊ အချိန်မရွေး ကူးလူး ဆက်သွယ်သွားလာနိုင်ရေးကို အလေးပေးဆောင်ရွက်နေခြင်း ဖြစ်သကဲ့သို့ ဆက်သွယ်သွားလာမှု လွယ်ကူချောမွေ့ခြင်းဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ကာ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွား ဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို စေတနာထား ဖော်ဆောင်ပေးနေခြင်းပင် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။

**နိုင်ငံတော်က လမ်းတံတားကြီးများကို စေတနာရှေ့ထားပြီး နေ့မအား ညမနား တည်ဆောက်အကောင်အထည်ဖော်ပေးနိုင်ခဲ့မှုကြောင့် ယခင်ခေတ်ကာလများက မိမိတို့ တိုင်းအတွင်းရှိ မြို့ရွာအချင်းချင်းပင် ရေလမ်းက အချိန်ယူသွားလာနေခဲ့ရသည့် အခြေအနေမှ ယခုအခါ မော်တော်ယာဉ်ငယ်များ၊ ကုန်တင်ယာဉ်ကြီးများဖြင့် ဥဒဟိုကူးသန်းသွားလာနိုင်ကြပြီ။**

# နိုင်ငံသားစိစစ်ရေးကတ်ပြားများ လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးဆောင်ရွက် ပြည်သူများ နိုင်ငံသားအရည်အချင်းအလိုက် ကိုင်ဆောင်ခွင့်ရရှိရေး စနစ်တကျစိစစ်

## ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များအောင်မြင်ရေး တက်ကြွစွာကြိုးပမ်း

ရန်ကုန် စက်တင်ဘာ ၁၉

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေသည် ယမန်နေ့နံနက် ၉ နာရီက ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းရှိ ပြည်သူ့အင်အားဦးစီးဌာန အစည်းအဝေးခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ တိုင်း၊ ခရိုင်နှင့် မြို့နယ်ဦးစီးဌာနမှူးများအား တွေ့ဆုံသည်။**

### ကြိုးပမ်းဆောင်ရွက်

ထိုသို့ တွေ့ဆုံရာတွင် ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက အမှာစကား ပြောကြားရာ၌ နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံဖြစ်ပေါ်ရေးအတွက် ကြိုးပမ်းဖော်ဆောင်ပေးလျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်ဖော်ဆောင်ပေးလျက်ရှိရာ မိမိတို့ဝန်ထမ်းများကလည်း ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ ကျရာအခန်းကဏ္ဍက တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြရန်လိုကြောင်း၊ ယခုအခါ နိုင်ငံတစ်ဝန်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက် လှုပ်ရှားမှုတစ်ရပ်အသွင်ဖြင့် ဆောင်ရွက်လျက်ရှိရာ ပြည်နယ်နှင့်တိုင်း အသီးသီးတို့၌ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းကိုနည်းဥပဒေ၊လုပ်ထုံးလုပ်နည်းများနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက် ကြရန်လိုကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများ စိစစ် ထုတ်ပေးရာတွင် စက်ရုံ၊ အလုပ်ရုံ၊ ကျောင်းစသည်တို့၌ပင် နေရာလပ်မကျန်အောင် စိစစ်၍ ပြည်သူများ အနေဖြင့် နိုင်ငံသားအရည်အချင်းအရ အမျိုးအစားအလိုက် ရသင့်သည့် ကတ်ပြားကိုင်ဆောင်ခွင့် ရရှိရေးအတွက် စနစ်တကျ စိစစ်ဆောင်ရွက်ပေးကြရန် လိုကြောင်း၊ ပြည်သူ့အင်အား ဦးစီးဌာနအနေဖြင့်လည်း နိုင်ငံတစ်ဝန်း အေးချမ်းတည်ငြိမ်နေပြီဖြစ်၍ လူဦးရေစစ်တမ်းဆိုင်ရာများ၊ လူဦးရေ ကိန်းဂဏန်းများ တိကျမှန်ကန်စေရေးအတွက် စနစ်တကျဆောင်ရွက်ကြရန်လိုကြောင်း၊ ဝန်ကြီးဌာန၏ ရည်မှန်းချက် တာဝန်များအောင်မြင်ရေးအတွက် ဝန်ထမ်းများအနေဖြင့် တက်တက်ကြွကြွ ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ပြည်သူ့အင်အားဦးစီးဌာနမှ ညွှန်ကြားရေးမှူးဒေါ်စိုးစိုးအောင်က လူဦးရေစစ်တမ်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း၊ ရန်ကုန်တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးလှဒေါင်းက ရန်ကုန်တိုင်းအတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြား စိစစ်ထုတ်ပေး ဆောင်ရွက်ရာတွင် မြို့နယ် ၁၆ မြို့နယ်တို့၌ ကတ်ပြားထုတ်ပေးမှု ပြီးပြတ်အောင်မြင်စွာ ဆောင်ရွက်ပြီးစီးမှု၊ ကျန်မြို့နယ်များတွင်လည်း အမြန်ဆုံးပြီးပြတ်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြချက်များအပေါ် ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက လုပ်ငန်း လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး လုပ်ငန်းများ အောင်မြင်ရေးအတွက် အခြားဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် လက်တွဲပူးပေါင်း ကြိုးပမ်းဆောင်ရွက်ကြရေး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲရွှေရတုစိန်တိုး ကျောင်းဆောင်တော်ကြီးအတွက် နှစ်ဖက်သော မိဘများအားအမှူးထား၍ ဦးလေးမောင်–ဒေါ်တင်တင်မြင့်၊ သား–မောင်ဇော်လေးမောင်၊ သမီး မဒါလီလေးမောင်မိသားစုက အလှူငွေကျပ်နှစ်သိန်းကို ကျောင်းဆောင် ဖြစ်မြောက်ရေးအဖွဲ့ နာယကဆရာတော် မိုးညှင်းအရှင်ဣန္ဒကထံ ဆက်ကပ်လှူဒါန်းစဉ်။**

(က–ပ)

# အာဟာရပြည့်ဝ မျှတစွာချက်ပြုတ်နည်း သင်တန်းနှင့်ပြိုင်ပွဲ တောင်ငူ၌ကျင်းပ




**ရန်ကုန် စက်တင်ဘာ ၁၉**

ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၊ တောင်ငူခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့တို့က ကြီးမှူး၍ အာဟာရပြည့်ဝမျှတစွာ ချက်ပြုတ်နည်းသင်တန်းနှင့်ပြိုင်ပွဲကို စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက တောင်ငူမြို့ ခပေါင်းခန်းမ၌ ကျင်းပရာ ပဲခူးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စဝ်နွန်းခွန်ဆမ်က အဖွင့်အမှာစကား ပြောကြားသည်။

### ရှင်းလင်းပြောကြား

ထို့နောက် ပဲခူးတိုင်း အာဟာရအဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်လွင်လွင်ရီက အာဟာရအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး တောင်ငူခရိုင်အတွင်းရှိ မြို့နယ်ခြောက်မြို့နယ်မှ သင်တန်းသူများအား အာဟာရပြည့်ဝမျှတစွာ ချက်ပြုတ်နည်းသင်တန်းကို သင်ကြားပို့ချသည်။

### ချက်ပြုတ်နည်းပြိုင်

မွန်းလွဲပိုင်းတွင် အာဟာရပြည့်ဝ မျှတစွာ ချက်ပြုတ်နည်းပြိုင်ပွဲကို ကျင်းပရာ မြို့နယ်ခြောက်မြို့နယ်မှ ပါဝင်ယှဉ်ပြိုင်ကြပြီး ပထမဆု တောင်ငူမြို့နယ်၊ ဒုတိယဆု ဖြူးမြို့နယ်၊ တတိယဆု ရေတာရှည်မြို့နယ်နှင့် နှစ်သိမ့်ဆုများကို ကျန်မြို့နယ်သုံးမြို့နယ်တို့ ရရှိကြသည်။ အဆိုပါဆုများကို ပဲခူးတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စဝ်နွန်းခွန်ဆမ် **(ဝဲပုံ)**က ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(၃၀၃)**




# မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများအသင်း

## အလှူရှင်များ ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်

**ရန်ကုန် စက်တင်ဘာ ၁၉**

မြန်မာနိုင်ငံပင်လယ်ကူး သင်္ဘောသားများအသင်း အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ခြင်းအခမ်းအနားကို ဩဂုတ် ၁၈ရက်က ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းရှိ ယုဇနဟိုတယ်၌ ကျင်းပသည်။

### နှုတ်ခွန်းဆက်စကား

အခမ်းအနားတွင် အသင်းဒုတိယဥက္ကဋ္ဌ ဦးစံသိန်းက နှုတ်ခွန်းဆက်စကားပြောကြားကာ အသင်းတွဲဖက်အတွင်းရေးမှူး ဦးမင်းဇော်က အသင်း၏လက်ရှိဆောင်ရွက်မှုအခြေအနေနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ တာဝန်ရှိသူများက အလှူရှင်များအား တစ်ဦးချင်း ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ **(အပေါ်ပုံ)**

အလှူရှင်များကိုယ်စား ဆရာမဒေါ်အေးအေးမာနှင့် အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဓဇ အဘိဓဇ ဦးသန်းအောင်တို့က အမှာစကားများ ပြောကြားကြပြီး အလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဦးစိုးမင်းအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။ **(က–ပ)**

### ရေဦး ရေကာတာ နုန်းများဆယ်ယူ

**ဝန်းသိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော မှန်ကင်းတောင် စိမ့်စမ်းရေသွယ်ခြင်း မြို့ရေပေးရေးအတွက် ဝန်းသိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဩဂုတ်၂၅ရက်က ရေဦးရေကာတာများမှ နုန်းများဆယ်ယူခြင်း၊ ရေစစ်ကန်၊ ရေစုကန်များ ဆေးကြောခြင်း ဆောင်ရွက်ရာတွင် အမှုဆောင်အရာရှိက ကြီးကြပ် ဆောင်ရွက်ပေးကြောင်း သိရသည်။**

(မြို့နယ်စည်ပင်)

## မြန်မာ့အလင်း

# ပြည်တွင်းသတင်း အတိုအထွာ

### မြိတ်မြို့၌ နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်

တနင်္သာရီတိုင်းအတွင်း မြို့နယ်အသီးသီးရှိ ရပ်ကွက်၊ကျေးရွာအုပ်စုများတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးလျက်ရှိရာ စက်တင်ဘာ ၉ ရက်က မြိတ်မြို့နယ် အလယ်ကျွန်းရပ်ကွက်ရှိ နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို အမကမူလတန်းလွန်(ပါရမီ)ကျောင်းခန်းမ၌ ကျင်းပရာ တနင်္သာရီတိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းဝေ၊ ခရိုင်ရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်စိုးနှင့် မြို့နယ်ရုံးဦးစီးအရာရှိ ဦးစိုးနောင်တို့က နိုင်ငံသားအရည်အချင်းပြည့်မီသူ ၁၂၇၃ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ကြောင်း သိရသည်။ **(က–ပ)**

### သွေးလွန်တုပ်ကွေး တမူး၌ကြိုတင်ကာကွယ်

တမူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် မြို့ပေါ်ရှိ လူမှုရေး အသင်းအဖွဲ့များ ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ် နှိမ်နင်းရေးအတွက် အဖွဲ့ပိုင် ဈေးများ၊ လူနေရပ်ကွက်များနှင့် စာသင်ကျောင်းများအတွင်း ဩဂုတ် ၂၆ ရက်က ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးမျိုးသန့်ခိုင် ကြီးကြပ်ဆောင်ရွက်သည်။ **(က–ပ)**

### သွေးလွန်တုပ်ကွေးကာကွယ်ရေး ကသာမြို့ပေါ်ဈေးများ၌ ခြင်ဆေးဖျန်း

ကသာမြို့နယ်၌ သွေးလွန်တုပ် ကွေးရောဂါမဖြစ်စေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များနှင့် မြို့နယ် ကျန်းမာရေးအဖွဲ့ဝင်များဖြင့် ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၈ ရက်က ကျန်းမာရေးတာဝန်ခံ ဒုတိယဦးစီးမှူး (အခွန်)ဦးထွန်းလင်းဇော် ဦးဆောင်သည့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့ပေါ်ဈေး သုံးဈေး၌ ခြင်ဆေးဖျန်းခြင်း ဆောင်ရွက်မှုအား အမှုဆောင်အရာရှိ ဦးထွန်းထွန်းက ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးသည်။ **(မြို့နယ်စည်ပင်)**

### ပို့ကုန်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ တာချီလိတ်တွင်ကျင်းပ

**ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ နယ်စပ်ကုန်သွယ် ရေးစခန်းက ကြီးမှူး၍ ပို့ကုန်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ (၂/၂၀၀၇)ကို ဩဂုတ်၂၉ရက် နံနက် ၉နာရီက ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နယ်စပ်ကုန်သွယ်ရေးစခန်း (တာချီလိတ်) တာဝန်ခံ ညွှန်ကြားရေးမှူးဦးအောင်ကျော်မိုး၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းမြင့်၊ တာချီလိတ် ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဦးကြည်မြင့်တို့က အမှာစကားပြောကြားကြသည်။ ထို့နောက်တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ ကုန်သည်ကြီးများအသင်း၊ ကုမ္ပဏီလုပ်ငန်းရှင်များနှင့် မိတ်ဖွဲ့ အသင်းအဖွဲ့များက ပို့ကုန်ပစ္စည်းထပ်မံတိုးတက်လာမည့် အလားအလာနှင့် လျော့နည်းကျဆင်းသွားသော ကုန်ပစ္စည်းများ ပြန်လည်မြှင့်တင် ရေး၊ ပို့ကုန်အမယ်သစ် ရှာဖွေတိုးချဲ့ စိုက်ပျိုးထုတ်လုပ်ရေးကိစ္စရပ်များ ဆွေးနွေးကြသည်။**

(ခရိုင် ပြန်/ဆက်)

# ပဲခူးမြို့ ကျွန်းသာယာ ယာဉ်ရပ်နားစခန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

# တိုင်းမှူးဗိုလ်ချုပ်ကိုကိုနှင့် ဝန်ကြီးဗိုလ်ချုပ်အောင်မင်း တက်ရောက်ဖွင့်လှစ်ပေး

နေပြည်တော် စက်တင်ဘာ ၁၉

ပဲခူးမြို့ ကျွန်းသာယာ မော်တော်ယာဉ်ရပ်နားစခန်းဖွင့်ပွဲကို စက်တင်ဘာ ၉ ရက် နံနက်ပိုင်းက အဆိုပါယာဉ်ရပ်နားစခန်း၌ ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကိုကိုနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့ တက်ရောက်အားပေးချီးမြှင့်ကြသည်။




ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကို ပဲခူးမြို့ ကျွန်းသာယာ အဝေးပြေးမော်တော်ယာဉ်ရပ်နားစခန်း အဆောက်အအုံ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

## ဖဲကြိုးဖြတ်ဖွင့်လှစ်

အစီအစဉ်အရ ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးဖေသိန်း၊ ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

## စက်ခလုတ်နှိပ်ဖွင့်လှစ်

ယင်းနောက် ကျွန်းသာယာ အဝေးပြေးမော်တော်ယာဉ် ရပ်နားစခန်းအဆောက်အအုံဆိုင်းဘုတ်ကို တိုင်းမှူးဗိုလ်ချုပ်ကိုကိုက စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးသည်။

## လွှဲပြောင်းပေးအပ်

ထို့နောက် ပန်းဝါဆောက်လုပ်ရေးလုပ်ငန်း မန်နေဂျင်းဒါရိုက်တာ ဒေါက်တာမျိုးအောင်က ကျွန်းသာယာအဝေးပြေး မော်တော်ယာဉ်ရပ်နားစခန်းနှင့် ပတ်သက်သည့်ကိစ္စများကို ရှင်းလင်းတင်ပြပြီး အဆောက်အအုံနှင့် ပတ်သက်သည့်စာရွက်စာတမ်းများကို ပဲခူးမြို့နယ်စည်ပင်သာယာရေး အဖွဲ့အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းမြိုင်ထံသို့ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် တာဝန်ရှိသူများထံ ဖွင့်ပွဲအထိမ်းအမှတ်အလံများကို မန်နေဂျင်းဒါရိုက်တာ ဒေါက်တာမျိုးအောင်က ပေးအပ်သည်။

## ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ကျွန်းသာယာ အဝေးပြေးယာဉ်ရပ်နားစခန်းကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စတင်ထွက်ခွာသည့် ခရီးသည်တင် မော်တော်ယာဉ်များနှင့် ခရီးသည်များအား နှုတ်ဆက်အားပေးကြသည်။

အဆိုပါ ပဲခူးမြို့ကျွန်းသာယာ အဝေးပြေးယာဉ်ရပ်နားစခန်းသည် လေးဧကအကျယ်အဝန်းရှိပြီး ကားဂိတ် ၆၄ ခန်း၊ ဆိုင်ခန်းပေါင်း ၄၄ ခန်း စုစုပေါင်း ၁၀၈ခန်း ပါဝင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




## လှူဒါန်း

**အမှတ် (၂၀၈)၊ တိုက် (F) ပါရမီကွန်ဒိုအိမ်ရာ လှိုင်မြို့နယ်နေ သားလေး ဟိန်းထက်အောင် ၏ (၁)နှစ်ပြည့်မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် အလှူငွေကျပ်သုံးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။** (က-ပ)

# ကုန်သည်/စက်မှုအသင်းချုပ်မှ တာဝန်ရှိသူများအား ဂျာမနီနိုင်ငံမှ ဧည့်သည်အဖွဲ့ တွေ့ဆုံ

**ရန်ကုန် စက်တင်ဘာ ၁၉**

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဇော်မင်းဝင်းနှင့်ဦးအောင်လွင်၊ အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်၊ ဗဟိုအလုပ်အမှုဆောင်များနှင့် အလုပ်အမှုဆောင်များအား ဂျာမနီနိုင်ငံ Robert Bosch GmbH မှ Member of the Board of Management, Dr.Rudolf Colm နှင့် Rubert Bosch (SEA) Pte Ltd, Singapore မှ President, Mr. Cem Peksaglam တို့သည် စက်တင်ဘာ ၁၇ ရက်က အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံကြပြီး ရင်းနှီးမြှုပ်နှံမှုပြုလုပ်နိုင်မည့် အခွင့်အလမ်းများဆိုင်ရာ ကိစ္စနည်းပညာနှင့် သုတေသနလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ရင်းနှီးစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**



**မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်၏ ထီးတော်သစ်တင်လှူပူဇော်ရန်အတွက် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတောင်ကြား (၁၂)ရပ်ကွက် ကုက္ကိုင်းရိပ်သာလမ်း အမှတ် ၁၂ (J) နေ ဒေါ်ကျော့သာနှင့် သားသမီး၊ မြေးမြစ်တစ်စုတို့က ဖခင်ကြီး ဦးကောင်းစံရှီအားရည်စူး၍ ရွှေနားကပ်တစ်ရံနှင့် ငွေကျပ်သုံးသိန်းကိုလှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးလှမင်းနှင့် ရုံးအဖွဲ့မှူး ဦးအောင်သန်းတို့က လက်ခံယူစဉ်။** (က-ပ)

# သံဖြူဇရပ်မြို့နယ် ဆန်လှူအသင်း ကြီးမှူး စာအောင်သံဃာတော်များအား ဂုဏ်ပြုပူဇော်

**ရန်ကုန် စက်တင်ဘာ ၁၉**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ဆန်လှူအသင်းကကြီးမှူး၍ ၂၀၀၇ ခုနှစ် အစိုးရပထမပြန်စာမေးပွဲတွင် အောင်မြင်တော်မူခဲ့သည့် စာအောင်သံဃာတော်များအား အဋ္ဌမအကြိမ်မြောက် ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကို စက်တင်ဘာ ၄ ရက်က သံဖြူဇရပ်မြို့ မဟာရင်မွန်ကျောင်းတိုက်၌ ကျင်းပသည်။

## ရှစ်ပါးသီလခံယူ

ရှေးဦးစွာ နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင် ကျိုက္ခမီအလယ်ကျောင်း စာသင်တိုက်ဆရာတော် ဘဒ္ဒန္တ နန္ဒစာရထံမှ ပရိသတ်တို့က ရှစ်ပါးသီလခံယူဆောက်တည်ကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်က သာသနာရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ လျှောက်ထားသည်။

## ရှင်းလင်းလျှောက်ထား

ယင်းနောက် မြို့နယ်ဆန်လှူ အသင်းဥက္ကဋ္ဌ ဦးခင်ညွှန့်က အသင်း၏ ရည်ရွယ်ချက်နှင့် လှူဒါန်းမှုပြုလုပ်ရခြင်းကို ရှင်းလင်းလျှောက်ထားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ညိုလှနှင့် မြို့နယ်သာသနာရေးဦးစီးဌာန ဦးစီးမှူး ဦးသော်တာလွင်တို့က ဂိုဏ်းပေါင်းစုံမှ နာယကဆရာတော်ကြီးများ၊ ၂၀၀၇ခုနှစ် အစိုးရပထမပြန်စာမေးပွဲတွင် အောင်မြင်တော်မူခဲ့သည့် စာအောင် သံဃာတော် အကြီးတန်းသုံးပါး၊ အလယ်တန်း ၁၄ ပါး၊ အလယ်တန်း အပါး ၂၀၊ အခြေပြု ၅၇ ပါး စုစုပေါင်း ၉၄ ပါး တို့အား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

## ဆက်ကပ်လှူဒါန်း

ထို့နောက် မြို့နယ်ဆန်လှူအသင်းဥက္ကဋ္ဌ ဦးခင်ညွှန့်နှင့် အလှူရှင်များက အသင်း၏နာယက ဆရာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ **(သတင်းစဉ်)**

# ခင်ဦးမြို့နယ် ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း

# ရွှေဘိုအကျဉ်းထောင်မှ အကျဉ်းသား၊ အချုပ်သားများအား စားသောက်ဖွယ်ရာ၊ အသုံးအဆောင်နှင့် ဂျာနယ်များလှူဒါန်း

**ရွှေဘို စက်တင်ဘာ ၁၉**

ရွှေဘိုခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဦးဆောင်မှုဖြင့် ခင်ဦးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ ရွှေဘိုအကျဉ်းထောင်ရှိအကျဉ်းသား၊ အချုပ်သားများအား စားသောက်ဖွယ်ရာများ၊ အသုံးအဆောင် ပစ္စည်းများ၊ ဂျာနယ်များ လှူဒါန်းခြင်း အခမ်းအနားကိုစက်တင်ဘာ ၉ ရက် နံနက် ၈ နာရီက ရွှေဘိုအကျဉ်းထောင် ဓမ္မာရုံ၌ ကျင်းပရာ ရွှေဘိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအုန်းချို၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်လွင်၊ ရွှေဘို ခရိုင်နှင့် ခင်ဦးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အလုပ်အမှုဆောင်များနှင့်အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့မှ ပုဂ္ဂိုလ်များ၊ ရွှေဘိုမြို့ပေါ်ရှိ လုပ်ငန်းရှင်များ တက်ရောက်ကြသည်။



အခမ်းအနားတွင် လှူဒါန်းသည့် ပစ္စည်းများကို ခင်ဦးမြို့နယ် အသင်းအလုပ်အမှုဆောင်အဖွဲ့က ပေးအပ်ရာ ရွှေဘိုအကျဉ်းထောင် တာဝန်ခံအရာရှိ ဦးညွှန့်ဝေက လက်ခံယူသည်။ **(အပေါ်ပုံ)** လှူဒါန်းသောပစ္စည်းတန်ဖိုးမှာ စုစုပေါင်း ငွေကျပ် နှစ်သိန်းငါးသောင်း ခုနစ်ရာ ဖြစ်သည်။ ဆက်လက်၍ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အလုပ်အမှုဆောင်များနှင့် အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ကြည်ခြေနီတပ်ဖွဲ့ဝင်များသည် ရွှေဘိုအကျဉ်းထောင်အတွင်းရှိ အကျဉ်းသား၊ အချုပ်သားများအား နှစ်သိမ့်အားပေးပြီး လူမှုရေးကူညီစောင့် ရှောက်မှုပေးခြင်း၊ မိဘဆွေမျိုးများထံ စာရေးသားဆက်သွယ်နိုင်ရန် ကူညီပေးခြင်းတို့ကို ပြုလုပ်ပေးကြောင်း သိရသည်။

**(ခရိုင်ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း)**



သစ်ပင်များစိုက်ပျိုးထိန်းသိမ်းခြင်းဖြင့် အင်းလေးကန် ရေဝေရေလဲဒေသ ရေရှည်တည်တံ့စေရန် ရည်ရွယ်လျက် တတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဩဂုတ် ၃၁ ရက်က တောင်ကြီးမြို့ မီးပုံးပျံ ကွင်းသစ်ကြီးအရှေ့ဘက် တွင် ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား စိုက်ပျိုးမည့် သစ်ပင်များကို ဝေငှပေးအပ်စဉ်။ (မြို့နယ်ပြန်/ဆက်)

# မော်လမြိုင် အထွေထွေရောဂါကုဆေးရုံသို့ အဆင့်မြင့်ဆေးရုံသုံး စက်ကိရိယာများလှူဒါန်း

## ကလေးဆေးရုံ တိုးချဲ့ဆောင်ဆောက်လုပ်ရေး ငွေလှူဒါန်း တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း တက်ရောက်အလှူငွေလက်ခံ

ရန်ကုန် စက်တင်ဘာ ၁၉

**မွန်ပြည်နယ် မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ အဆင့်မြင့် ဆေးရုံသုံးစက်ကိရိယာများ လှူဒါန်းပွဲနှင့် ကလေးဆေးရုံတိုးချဲ့ဆောင် ဆောက်လုပ်ရန်အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ်၂၇ ရက်က မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း တက်ရောက်၍ အမှာစကား ပြောကြားသည်။**

### ရှင်းလင်းတင်ပြ

ထို့နောက် မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာဉာဏ်ဇော်က အဆင့်မြင့်ဆေးရုံသုံး စက်ကိရိယာများ အသုံးပြု ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လှူဒါန်းငွေကျပ် ၄၃၉၈၅၀၀ ကို တိုင်းမှူး ဗိုလ်ချုပ် သက်နိုင်ဝင်းက ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဉာဏ်ဇော်က လက်ခံသည်။

### ပေးအပ်လှူဒါန်း

ယင်းနောက် မွန်ပြည်နယ် မော်တော်ယာဉ် စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက ငွေကျပ် သိန်း ၇၀၊ ဆန်ကုန်သည်များက ငွေကျပ်သိန်း၈၀နှင့် အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ မွန်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်မြင့်မြင့်စိုး၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ဝင်းနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက လက်ခံကြသည်။

အဆင့်မြင့် ဆေးရုံသုံးစက်ကိရိယာများအတွက်အလှူရှင်များ၏ လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ်၂၉၄၈၈၆၀၀ ဖြစ်သည်။

### အလှူငွေလက်ခံ

ထို့နောက် ကလေးဆေးရုံ တိုးချဲ့ဆောင် ဆောက်လုပ်ရန်အတွက် မုဒုံမြို့ ကောင်းလွင်ရွှေဆိုင်မှ ကိုသက်နိုင်ဦး၊ မဌေးဌေးဝင်းမိသားစုနှင့် မော်လမြိုင်မြို့ ဇေဝရတ်ရွှေဆိုင်မှ မအေးအေးမော်၊ မခင်မြင့်မော်၊ ကိုဝင်းသန်း၊ မခိုင်ခိုင်ဝင်း မိသားစုတို့က လှူဒါန်းငွေကျပ်သိန်း ၁၀၀ စီကို ပေးအပ်လှူဒါန်းကြရာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းကလည်းကောင်း၊ အလှူရှင်များ၏ အလှူငွေများကို မွန်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်စိုးနှင့် တာဝန်ရှိသူများကလည်းကောင်း လက်ခံကြသည်။

ကလေးဆေးရုံ တိုးချဲ့ဆောင် ဆောက်လုပ်ရန်အတွက် အလှူရှင်များ၏ လှူဒါန်းငွေစုစုပေါင်းမှာ ငွေကျပ်သိန်းသုံးရာနှင့် ငါးသောင်း ဖြစ်သည်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းသည် အလှူရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးပြီး အဆင့်မြင့်ဆေးရုံသုံးစက်ကိရိယာများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ **(သတင်းစဉ်)**

# (၁၅) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်

(၁) ခိုင်မာသောပြည်ထောင်စုစိတ်ဓာတ်အပေါ်အခြေခံသည့်မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန် ထက်မြက်မြင့်မားစေရန်။

(၂) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်။

(၃) မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာများ ရှင်သန်ထွန်းကားပြန့်ပွားရန်။

(၄) လူငယ်ထု၏စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားမှုကို တိုးတက်ဖြစ်ထွန်းစေရန်။

(၅) တိုင်းတစ်ပါးယဉ်ကျေးမှုလွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်။

# လျှပ်စစ်အခန်းကဏ္ဍ မြင့်မားကျယ်ပြန့်လာမှုအတွက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ မရှိမဖြစ်အရေးပါ

## စနစ်တကျ တိုင်းတာတွက်ချက်၊ လုပခိုင်ခံ့ခေတ်မီစွာဆောက်လုပ်

**ရန်ကုန် စက်တင်ဘာ ၁၉**

အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ရှင်စောပု ဘုရားလမ်းရှိ (၆ ဒသမ ၆ KV) ဓာတ်အားခွဲ ရုံငယ်သို့ရောက်ရှိရာ ရှေးဦးစွာ ဝန်ကြီးနှင့်အဖွဲ့သည် မီတာခငွေ ပေးသွင်းနေမှုနှင့် ငွေလက်ခံနေမှု အခြေအနေ၊ ဓာတ်အားခွဲရုံငယ်၌ လျှပ်စစ်ဓာတ်အား လက်ခံရရှိမှုနှင့် ဓာတ်အား ဖြန့်ဖြူးပေးနေမှု အခြေအနေနှင့် စမ်းချောင်းမြို့နယ် အုပ်ချုပ်ရေးမှူးရုံးသစ်ဆောက်လုပ်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးရာ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အင်ဂျင်နီယာချုပ် ဦးအောင်ခိုင်နှင့် မြို့ပြဌာန အင်ဂျင်နီယာ ဦးအောင်သန်းတို့က စမ်းချောင်းမြို့နယ် အုပ်ချုပ်ရေးမှူးရုံး တည်ဆောက်သွားမည့် မြေနေရာအခြေအနေ၊ မြို့နယ်ရုံး အပေါ်ထပ်၌ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်မည့် အခြေအနေ၊ အခန်းဖွဲ့စည်းမှုနှင့် ရုံးအဆောက်အအုံ ပုံစံတို့ကို ရှင်းလင်းတင်ပြကြသည်။

### မှာကြား

ရှင်းလင်း တင်ပြမှုများအပေါ် ဝန်ကြီးက လျှပ်စစ်အခန်းကဏ္ဍ မြင့်မားကျယ်ပြန့်လာမှုအတွက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများသည် မရှိမဖြစ်အရေးပါလျက်ရှိကြောင်း၊ စနစ်တကျ တိုင်းတာတွက်ချက်၍ ကြိုတင်မျှော်တွေးစနစ်ဖြင့် လုပခိုင်ခံ့ခေတ်မီစွာ ဆောက်လုပ်သွား ကြရန် လိုအပ်ကြောင်း မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

### ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ကမာရွတ်မြို့နယ် ကျွန်းတောလမ်းရှိ ကမာရွတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသစ် ဆောက်လုပ်မည့်မြေနေရာကိုသွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

### အလေးထားဆောင်ရွက်

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ရန်ကင်းမြို့နယ်ရှိ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၊ ရန်ကင်းမြို့နယ်အုပ်ချုပ်ရေးမှူးရုံးသစ် ဆောက်လုပ်မည့် မြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးကြရာ ဝန်ကြီးက လျှပ်စစ်ဓာတ်အား စနစ်တကျ ဖြန့်ဖြူးပေးနိုင်ရေးနှင့်အုပ်ချုပ်မှုလုပ်ငန်းများ အဆင်ပြေစေရေးအတွက်မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများသည် မြို့နယ်များအလိုက် မရှိမဖြစ်လိုအပ်လျက်ရှိကြောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ စနစ်တကျရှိစေရေး တာဝန်ရှိသူ အဆင့်ဆင့်က အလေးထား ဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအောင်မြင့် ဆက်သွယ်ရေးပြပွဲ တက်ရောက်ရန် ဗီယက်နမ်သို့ထွက်ခွာ

**နေပြည်တော် စက်တင်ဘာ ၁၉**

မြန်မာနိုင်ငံ အီလက်ထရွန်နစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ (e-National Task Force) ဒုတိယ ဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအောင်မြင့်သည် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ စက်တင်ဘာ၁၉ရက်မှ ၂၂ ရက်အထိ ကျင်းပမည့် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ၂၀၀၇ ခုနှစ် ဆက်သွယ်ရေးပြပွဲ (Vietnam Comm 07) သို့ တက်ရောက်ရန် စက်တင်ဘာ ၁၄ ရက် မွန်းလွဲပိုင်းက လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးလှမြင့်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအောင်မြင့်နှင့်အတူ အဖွဲ့ဝင်အဖြစ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသာဦး လိုက်ပါသွားကြောင်း သိရသည်။ **(သတင်းစဉ်)**

**မူးယစ်ကင်းစင် အလှဆင်**

# မန္တလေးတိုင်း မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်ပြီး ဆုများ ချီးမြှင့်ပေးအပ်

နေပြည်တော် စက်တင်ဘာ ၁၉

**မန္တလေးတိုင်း (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၇ ရက် မွန်းလွဲ ၁ နာရီတွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အမျိုးသားကဇာတ်ရုံ၌ ကျင်းပပြုလုပ်ရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်အမှာစကားပြောကြားပြီး ဆုများချီးမြှင့်ပေးအပ်သည်။** (အောက်ဝဲပုံ)



## အမှာစကားပြော

ရှေးဦးစွာ မန္တလေးတိုင်း (၁၅) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီ နာယက တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က အမှာစကားပြောကြားသည်။

## ဆုများချီးမြှင့်

ထို့နောက် ဆုများချီးမြှင့်ရာ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ဝါသနာရှင်အဆင့် (ပထမတန်း)တွင် ကာလပေါ်အဆို (အမျိုးသား)ပြိုင်ပွဲ၊ အကပြိုင်ပွဲ (အမျိုးသား)၊ အခြေခံပညာ(၅-၁၀)နှစ်အဆင့် အကပြိုင်ပွဲ၊ ဝါသနာရှင်အဆင့် (ပထမတန်း) အရေးပြိုင်ပွဲ၊ ဝါသနာရှင်အဆင့် (ပထမတန်း) ကွက်စိပ်ပြိုင်ပွဲနှင့် ဇာတ်ညွှန်းဆု၊ ပုံပိုးဆိုင်းဆုရရှိသူများကို ဆုများ ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါ်ခင်ပြုံးဝင်းက ဝါသနာရှင်အဆင့် (ပထမတန်း)တွင် ကာလပေါ်အဆို (အမျိုးသမီး) ပြိုင်ပွဲ၊ အကပြိုင်ပွဲ(အမျိုးသမီး)၊ ဆိုင်းအဖွဲ့လိုက် (အမျိုးသမီး)ပြိုင်ပွဲ၊ အခြေခံပညာ (၁၀-၁၅)နှစ်အဆင့် စန္ဒရားအတီးပြိုင်ပွဲ (အမျိုးသမီး)၊ ဝါသနာရှင်အဆင့် (ပထမတန်း)တွင် စောင်းအတီးပြိုင်ပွဲ၊ အခြေခံပညာ (၅-၁၀)နှစ်အဆင့် ပတ္တလားအတီးပြိုင်ပွဲတို့တွင် ဆုရရှိသူများကို ဆုများချီးမြှင့်ပေးအပ်သည်။

ထို့နောက် မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်နှင့် ဇနီး၊ တရားရုံးချုပ် (အထက်မြန်မာပြည်) ဒုတိယ တရားသူကြီးချုပ် ဦးခင်မောင်လတ်နှင့် တာဝန်ရှိသူများက အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဝါသနာရှင်အဆင့် (ပထမတန်း)၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း)၊အခြေခံပညာ(၅-၁၀)နှစ်အဆင့်၊ အခြေခံပညာ (၁၀-၁၅)နှစ်အဆင့်၊ အခြေခံပညာ (၁၅-၂၀)နှစ်အဆင့် (အမျိုးသား၊ အမျိုးသမီး)ပြိုင်ပွဲများတွင် ဆုရရှိသူများကို ဆုများ အသီးသီးချီးမြှင့်ပေးအပ်သည်။

## လက်ဆောင်များပေးအပ်

ဆက်လက်၍ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်သန်းက အကဲဖြတ်ပညာရှင် ဒိုင်အဖွဲ့များကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် အခြေခံပညာ(၁၀-၁၅) နှစ်အဆင့် (အမျိုးသား) ကာလပေါ် အဆိုပြိုင်ပွဲတွင် ပထမဆုရ မောင်လှမျိုးဇော်က အမေ့ပါးမှသနပ်ခါး သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာ(၅-၁၀)နှစ်အဆင့် (အမျိုးသမီး) အကပြိုင်ပွဲတွင် ပထမဆုရ မအေးဇင်မာက အကဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အရေးပြိုင်ပွဲတွင် ပထမဆုရ ဦးရဲထွန်းဝင်းဇော်က မိုးဦးတေးသံ သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာ (၁၀-၁၅)နှစ် စန္ဒရားအတီးပြိုင်ပွဲတွင် ပထမဆုရ မရတနာဥကလည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရ ရွှေစင်ကလျာထက်ထက်ကျော်နှင့် အဖွဲ့ကလည်းကောင်း အဆို၊ အက၊ အရေး၊ အတီးများဖြင့် ဧည့်ခံဖျော်ဖြေကြပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## ချီးမြှင့်ခဲ့

ယနေ့ ကျင်းပပြုလုပ်သော မန္တလေးတိုင်း (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဆုပေါင်း ၄၇၃ ဆုအတွက် စုစုပေါင်း ငွေကျပ် ၄၃၈၁၂၀၀ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




# အာဆီယံအကောက်ခွန်စွမ်းဆောင်ရည်မြှင့်တင်ရေး ဒုတိယအကြိမ်မြောက် အစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၉

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာနက လက်ခံကျင်းပသည့် အာဆီယံ အကောက်ခွန်စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၏ ဒုတိယအကြိမ်မြောက် အစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ Summit Park View ဟိုတယ်၌ ကျင်းပသည်။**

## တက်ရောက်

အဆိုပါ အစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံသောင်းနှင့် တာဝန်ရှိသူများ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံသောင်းက အဖွင့်အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## မှတ်တမ်းတင်

ယင်းနောက် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံသောင်းနှင့် အာဆီယံ အကောက်ခွန်စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့၏ ဒုတိယအကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်လာကြသော အာဆီယံ အတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အာဆီယံအကောက်ခွန်စွမ်းဆောင်ရည် မြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၏ ဒုတိယအကြိမ် အစည်းအဝေးကို ဆက်လက်ကျင်းပသည်။ အဆိုပါ အစည်းအဝေးကို စက်တင်ဘာ ၁၉ ရက်အထိ Summit Park View ဟိုတယ်၌ ကျင်းပကြောင်း သိရသည်။ **(သတင်းစဉ်)**



**ငဖြူလေးကျေးရွာ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်က ငဖြူလေးကျေးရွာမှ အလှူခံကောက်ခံရရှိ ငွေကျပ် ၁၆၃၄၄၄၀ ကို သာယာဝတီမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်သွင်ထံ ပေးအပ်စဉ်။** (က-ပ)

# ကျောင်းဆောက်လုပ်ရေး အလှူငွေပေးအပ်

**ရန်ကုန် စက်တင်ဘာ ၁၉**

သာယာဝတီမြို့နယ် ငဖြူလေးကျေးရွာအနောက် မိုးကောင်းကျောင်းဆောက်လုပ်ရေး တတိယအကြိမ် အလှူငွေပေးအပ်ပွဲ အလှူမင်္ဂလာအခမ်းအနားကို စက်တင်ဘာ ၁၆ ရက်က ကျင်းပရာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကိုဖွင့်လှစ်ပြီး သာသာဝတီမြို့နယ် သံဃနာယကဥက္ကဋ္ဌ ကျိုက်ထိုကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလနှင့် ဩဝါဒခံယူပြီး မိုးကောင်းကျောင်းတိုက် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကြိုင်က နှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။ ဆက်လက်၍ ဝေယျာဝစ္စအဖွဲ့က အလှူငွေနှင့် ကျောင်းတော်ကြီးတည်ဆောက်ဆဲ ငွေစာရင်းရှင်းတမ်းကို ဦးခင်ဝင်းက ဖတ်ကြားပြီး ကျောင်းတော်ကြီးဖြစ်မြောက်ရေး နာယကအဖွဲ့ကိုယ်စား ဦးကိုကိုက ရှေ့လုပ်ငန်းစဉ် အစီအစဉ်များကို ပြောကြားသည်။

ထို့နောက် သာယာဝတီမြို့နယ် သံဃနာယက အကျိုးတော်ဆောင် ဘိုကြီးကုန်းကျောင်းတိုက်ဆရာတော်က အနုမောဒနာတရား ဟောကြားပြီး ရေစက်ချ အမျှပေးဝေကာ ကျေးရွာများနှင့် မြို့နယ်အသီးသီးက အလှူငွေများ ပေးအပ်လှူဒါန်းသည်။ **(က-ပ)**

# တစ်နေ့တာ ဆွမ်းဆက်ကပ်နိုင်

**ရန်ကုန် စက်တင်ဘာ ၁၉**

ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၌ သီတင်းသုံးတော်မူကြလျက် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ထမ်းရွက်တော်မူနေကြသည့် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော် ဝိနည်းဓိုရ် ဆရာတော်ကြီးများ၊ အဘိဓာန် ကျမ်းပြုဆရာတော်ကြီးများ၊ ပုစ္ဆက ဆရာတော်ကြီးများ၊ အဘိဓမ္မာ ဝိသုဒ္ဓိမဂ်၊ ယဉ်ကျေးမှုသင်တန်းနည်းပြ ဆရာတော်ကြီးများအား တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းနိုင်ရန် သံဃာတော်တစ်ပါးလျှင် တစ်နေ့တာ (အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ ဖျော်ရည်)အတွက် ငွေကျပ် ၂၂၀၀ နှုန်းဖြင့် ပူဇော်နိုင်သည်။

ကုသိုလ်ရှင်များအနေဖြင့်လှူဒါန်းလိုပါက သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး(စာမေးပွဲ) ဖုန်း-၆၆၀၂၆၉၊ ဆွမ်းကွမ်း ဌာနစု ဖုန်း-၆၆၀၉၉၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဝါတွင်း ဥပုသ်သီလပွဲနှင့် တရားပွဲများကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၉**

ရန်ကုန်မြို့ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီး၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါတွင်း တရားပွဲတော်အစီအစဉ်များနှင့်အညီ ဝါတွင်း ဥပုသ်နေ့တိုင်းတွင် ဥပုသ်သီလပေးတရား၊ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများနှင့် ဓမ္မကထိကဆရာတော်ကြီးများက တရားပွဲ သုံးပွဲဖြင့် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်လျက်ရှိသည်။

ယနေ့ ဝါတွင်းဥပုသ်နေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်မဟာစည်ရိပ်သာမှ ဓမ္မာစရိယ ဘဒ္ဒန္တ ညာဏ္ဍောဘာသနှင့် ညနေ ၃ နာရီတွင် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် ပဲခူးတိုင်း(အရှေ့) တောင်ငူမြို့ မြစည်းခုံစာသင်တိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍဝံသတို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်၍ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ် အလင်းရောင်ကျောင်းမှ ဘဒ္ဒန္တဝိမလက ဥပုသ်သီလပေးတရားကိုချီးမြှင့်ပြီး ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်မြတ်ကြီး၌ အလှူဒါနပွားများသူများ၊ ဥပုသ်သီတင်းဆောက်တည်၍ တရားဘာဝနာပွားများသူများဖြင့် စည်ကားသိုက်မြိုက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# Healthy Shop အလှကုန်ပစ္စည်းသစ်များ မိတ်ဆက်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၉**

ရွှေပန်းတိုင်ထရေးဒင်းကုမ္ပဏီလီမိတက် Healthy Shop (PARIS) အလှကုန်ပစ္စည်းသစ် မိတ်ဆက်ပွဲနှင့် Member အနုပညာရှင်များ မွေးနေ့ဂုဏ်ပြုပွဲအခမ်းအနားကို စက်တင်ဘာ ၁၅ ရက် မွန်းလွဲ ၁ နာရီက အမှတ် ၁၉၉ အနော်ရထာလမ်း လမ်းမတော်မြို့နယ်ရှိ ကုမ္ပဏီရုံးချုပ်ခန်းမ၌ကျင်းပရာ ကုမ္ပဏီမှ တာဝန်ရှိသူများ၊ အနုပညာရှင်များနှင့် Member များ တက်ရောက်ကြသည်။

ရှေးဦးစွာ Member အနုပညာရှင်များဖြစ်ကြသောဗီဒီယိုနှင့်ကြော်ငြာသရုပ်ဆောင် အဆိုတော် နန်းဆုရတီစိုးနှင့် အဆိုတော်ရှင်ဖုန်းတို့၏ မွေးနေ့အခမ်းအနားကို ကျင်းပသည်။ **(အောက်ပုံ)**





## ရှင်းလင်းတင်ပြ

ထို့နောက် ကုမ္ပဏီမှ အသစ်တင်သွင်းရောင်းချနေသည့် ပြင်သစ်နိုင်ငံထုတ် ရနံ့ကုထုံးနည်းဖြင့် ဖော်စပ်ထားသော ခါးနာ၊ ဒူးနာ၊ အကြောတင်၊ အကြောတက်လိမ်းဆေး SPA Relaxing Natural Body Massage Cream အကြောင်း၊ ခေါင်းမူးခေါင်းကိုက်၊ နှလုံးရောဂါ၊ အဆုတ်ရောဂါ၊ စိတ်ဖိစီးမှုများကို ပျောက်ကင်းနိုင်ပြီး Aroma Theraphy ရနံ့ကုထုံး ဆေးဝါးအလှကုန်ပစ္စည်းများအကြောင်းနှင့် အသစ်ထပ်မံတင်သွင်းမည့် Platinum Serie မှ Skin Care ပစ္စည်းအသစ်များဖြစ်သည့် Day Cream, Night Cream, Eye Cream များအကြောင်းကို တာဝန်ရှိသူများက အသေးစိတ် ရှင်းလင်းတင်ပြကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## ဆက်သွယ်နိုင်

Healthy Shop (PARIS) မှ တင်သွင်းသော ဆေးဝါး အလှကုန်ပစ္စည်းများနှင့်ပတ်သက်၍ အသေးစိတ်သိလိုသည်များကို အထက်ပါကုမ္ပဏီရုံးချုပ်သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

*** ကျောဖုံးမှ**

## တည်ဆောက်

ထို့နောက်ခန်းမအတွင်း အခမ်းအနားဆက်လက်ကျင်းပရာ ကျောင်းသား ကျောင်းသူကလေးများက မြန်မာ့ကျောင်းသီချင်းကို သီဆို ဖွင့်လှစ်ပေး၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာကြီးက ကျေးဇူးတင်စကား ပြောကြားသည်။ထို့နောက် ကျောင်းအုပ်ဆရာကြီးက ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို မြို့နယ် ပညာရေးမှူးအားပေးအပ်ပြီး ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် တာဝန်ရှိသူများက အမှတ်တရသစ်ပင် စိုက်ပျိုးပေးသည်။ အဆိုပါ ကျောင်းဆောင်သစ်သည် အလျားပေ ၆၀၊ အနံ ပေ ၃၀ရှိပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ကြီးကြပ်၍ ငွေကျပ် ၆၄ သိန်း အကုန်အကျခံ တည်ဆောက်ခြင်းဖြစ်သည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့်အဖွဲ့သည် အင်္ဂပူမြို့နယ် လေ့ကြီးအိုင် အခြေခံပညာမူလတန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းဆောင်သစ်ဆောက်လုပ်ရန် လိုအပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက်အလှူရှင်များက အလျားပေ ၉၀၊ အနံပေ ၃၀ ကျောင်းဆောင်သစ် ဆောက်လုပ်ရန် အလှူငွေကျပ် ၁၅ သိန်းပေးအပ်လှူဒါန်းသည်။

## ကြည့်ရှုစစ်ဆေး

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် အမှတ်(၅) တန်းမြင့်လေ့ကျင့်ရေး ကျောင်း ကျောင်းအုပ်ကြီးတို့သည် အင်္ဂပူမြို့နယ် ကွင်းကောက်ကျေးရွာမြို့မ တံတားချဉ်းကပ်လမ်းများ ရေတိုက်စားသွားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဝန်ကြီးသည် စက်တင်ဘာ ၁၇ ရက် မွန်းလွဲပိုင်းတွင် မြန်အောင်မြို့နယ် မျှင်ဝါးတောင် ကြိုးဝိုင်းအတွင်းရှိ ၂၀၀၇ခုနှစ် စီးပွားရေး ကျွန်းစိုက်ခင်းဧက ၁၅၀နှင့် ၂၀၀၆ခုနှစ် စီးပွားရေး ကျွန်းစိုက်ခင်းဧက ၁၅၀ သို့ ရောက်ရှိလာရာ ဧရာဝတီတိုင်း သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးဦးဝင်းမြင့်၊ ဦးစီးအရာရှိ ဦးတက်တိုးတို့က ရှင်းလင်းတင်ပြကြပြီး သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်က ဖြည့်စွက်ရှင်းလင်း တင်ပြသည်။ ဆက်လက်ပြီး ဝန်ကြီးက စိုက်ခင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

## လှည့်လည်ကြည့်ရှု

ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ညနေပိုင်းတွင် မြန်မာ့သစ်လုပ်ငန်း အခြေစိုက်အလုပ်ရုံ(ဆွာ) ရှင်းလင်းဆောင်သို့ ရောက်ရှိရာ မြန်မာ့သစ်လုပ်ငန်းအင်ဂျင်နီယာဌာန အထွေထွေမန်နေဂျာ ဦးအောင်ဆန်းနှင့် အလုပ်ရုံမန်နေဂျာ အင်ဂျင်နီယာ ဦးနေဝင်းတို့က အလုပ်ရုံ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ရည်မှန်းချက်များ ပြီးမြောက်အောင် ဆောင်ရွက်ရေး၊ လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေး၊ ကျွမ်းကျင်ယာဉ်ပြင်များ မွေးထုတ်ရေးနှင့် ငွေ၊ပစ္စည်း၊လျှပ်စစ် ဓာတ်အားချွေတာခြိုးခြံရေး ကိစ္စများကို မှာကြားပြီး အလုပ်ရုံအတွင်း ယာဉ်/ယန္တရားများ ပြင်ဆင်နေမှု၊ ယန္တရားအပိုပစ္စည်း ထုတ်လုပ်နေမှု အခြေအနေများနှင့် ပစ္စည်းဂိုဒေါင်များသို့ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီးသည် စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် အောင်လံမြို့ အမှတ်(၉၆) သစ်စက်သို့ ရောက်ရှိလာရာ စက်ရုံရှင်းလင်းဆောင်တွင် စက်ရုံမှူး မန်နေဂျာနှင့် မကွေးတိုင်း ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန လက်ထောက် အထွေထွေမန်နေဂျာတို့က စက်ရုံ၏လုပ်ငန်း ဆောင်ရွက်နေမှု အဆင့်ဆင့်ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက စက်ရုံဧရိယာအတွင်း လိုအပ်သည်များ မှာကြားပြီး ဝန်ကြီးနှင့် တာဝန်ရှိသူများသည် စက်ရုံအတွင်း သစ်ခွဲစိတ်လည်ပတ်ပုံ အဆင့်ဆင့်၊ ပတ်လွှပြုပြင်ရေးဌာနနှင့် ခွဲစိတ်ပြီး သစ်ခွဲသားများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

## မှာကြား

ထို့နောက် ဝန်ကြီးနှင့်တာဝန်ရှိသူများသည် တောင်တွင်းကြီးမြို့နယ် ကင်မွန်းတောင်ကြိုးဝိုင်း ၂၀၀၇ခုနှစ် သစ်မာမျိုးစုံ(ယင်းမာ)စိုက်ခင်း ဧက ၅၀၀ သို့ လည်းကောင်း၊ ၂၀၀၄ခုနှစ် သီးခြားကျွန်းစိုက်ခင်းဧက ၃၀၀ နှင့် ၂၀၀၅ခုနှစ် သီးခြား ကျွန်းစိုက်ခင်းဧက ၈၀၀ သို့လည်းကောင်း ရောက်ရှိလာရာ မကွေးတိုင်း သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းနိုင်က ရှင်းလင်းတင်ပြပြီး သစ်တောဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးက လိုအပ်သည်များ မှာကြားပြီး စိုက်ခင်းများအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရုပ်ရှင်အစည်းအရုံး သက်ကြီးပူဇော်ပွဲ ငွေလှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၁၉**

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ကျင်းပမည့် ရုပ်ရှင်သက်ကြီးပူဇော်ပွဲအတွက် ဦးဝင်းနိုင်(မျက်ခြယ်ဗီဒီယိုထုတ်လုပ်ရေး)က ကွယ်လွန်သူဒါရိုက်တာ အကယ်ဒမီမောင်နန္ဒ၊ ရုပ်ရှင်သရုပ်ဆောင်နှင့် အဆိုတော် သန်းဖေလေး၊ ရုပ်ရှင်ဒါရိုက်တာ မောင်နီလွင်(သပြု)၊ ဒါရိုက်တာ ဦးဒယ်နီနှင့် ဒါရိုက်တာ ဦးဘရှင်တို့အား ရည်စူး၍ငွေကျပ် ငါးသိန်းကို လည်းကောင်း၊ ကွယ်လွန်သူဒါရိုက်တာ အကယ်ဒမီမောင်နန္ဒ၏ နှစ်နှစ်မြောက်အဖြစ် ဒါရိုက်တာဇော်မြင့်ဦး၊ ဒါရိုက်တာအေးကျော်၊ ဒါရိုက်တာကျော်ဇ၊ ဒါရိုက်တာအောင်ညွှဘာတို့က ငွေကျပ်နှစ်သိန်းကိုလည်းကောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ လာရောက်လှူဒါန်းရာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးမြင့်သိန်းဖေနှင့် အမှုဆောင်များက လက်ခံကြသည်။

## လှူဒါန်းနိုင်

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏(၄၄)ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲကို ရုပ်ရှင်နေ့ဖြစ်သည့် အောက်တိုဘာ ၁၃ရက် (စနေနေ့)တွင်ကျင်းပမည်ဖြစ်ရာ စေတနာရှင်များအနေဖြင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသို့ လာရောက်လှူဒါန်းနိုင်ကြကြောင်း သိရသည်။ **(သတင်းစဉ်)**



# မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့ အသိပညာပေးဟောပြော

**ရန်ကုန် စက်တင်ဘာ ၁၉**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့က ကြီးမှူးကျင်းပသော အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၇ရက် နံနက် ၉နာရီက ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၅၁) ရပ်ကွက် မြဝတီမင်းကြီးလမ်းရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဗဟိုလေ့ကျင့်ရေးကျောင်းတွင် ဖွင့်လှစ်လျက်ရှိသည့် အဆင့်မြင့် အိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၁၆) အိမ်တွင်းမှုလက်မှုလုပ်ငန်း(ကြိမ်၊ဝါး) သင်တန်းအမှတ်စဉ်(၄)၊ စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၄၈/၄၉/ ၅၀)တို့မှ သင်တန်းသူများဖြစ်ကြသည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း၊ နာဂ၊ ဓနု၊ ပအိုဝ်းနှင့် ဗမာ စုစုပေါင်းတိုင်းရင်းသူ ၁၉၃ဦးနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

## အမှာစကားပြော

အခမ်းအနားတွင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး၏ဇနီး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒေါ်ကျင်ခိုင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒေါ်ကျင်ခိုင်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုး သမီးရေးရာအဖွဲ့ချုပ် နိုင်ငံ့ဝန်ထမ်းနှင့် အသိပညာရှင်၊ အတတ်ပညာရှင်များအဖွဲ့မှ အဖွဲ့ဝင် ပါမောက္ခဒေါ်မြမြယဉ် **(အပေါ်ပုံ)**က “အမျိုးသမီးများနှင့်စိတ် ကျန်းမာရေး”ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် နိုင်ငံဖြတ်ကျော်မှုခင်းဌာန လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး အထူးတပ်ဖွဲ့မှ ဒုတိယရဲမှူး ဒေါ်ဥမ္မာရင်မိက “လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီး ကာကွယ်ရေး”ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာ့အလင်း လှုပ်လှုပ်ရှားရှား မြန်မာ့အားကစား

ကိုထွေး - စုစည်းတင်ဆက်သည် ၁၉ - ၉ - ၂၀၀၇

## အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲ စီးပွား/ ကူးသန်းက သစ်တောရေးရာကိုနိုင်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် က ကြီးမှူးကျင်းပသည့် ၂၀၀၇-၂၀၀၈ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်းအမှတ်ပေး (မြန်မာလိဂ်) ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄နာရီက ရန်ကုန်မြို့အောင်ဆန်းအားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားရာ စီးပွား/ကူးသန်းအသင်းက သစ်တောရေးရာအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

စီးပွား/ကူးသန်းအသင်းက ဂိုးပြတ်အနိုင်ရရှိခဲ့ခြင်း ဖြစ်သော်လည်း သစ်တောရေးရာအသင်းက ဦးဆောင်ဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။ သစ်တောရေးရာအသင်းအတွက် ဦးဆောင်ဂိုးကို ပွဲစပြီး ၅မိနစ်အကြာတွင် အောင်ကျော်ထွန်းက သွင်းယူပေးသည်။

စီးပွား/ ကူးသန်းအသင်းအတွက် ချေပဂိုးကို ပွဲချိန် ၄၅မိနစ်တွင် စထက်နိုင်ဝင်းက သွင်းယူသည်။ ပထမပိုင်းအပြီးတွင် တစ်ဂိုးစီသရေပွဲဖြစ်နေသည်။

စီးပွား/ ကူးသန်းအသင်းအတွက် ဒုတိယဂိုးကို ၅၃မိနစ်တွင် စထက်နိုင်ဝင်းက သွင်းယူပေးပြီး တတိယဂိုးကို မျိုးမင်းထွန်းက ၆၈မိနစ်တွင် သွင်းယူခြင်းဖြစ်သည်။ စတုတ္ထဂိုးကို ၇၅မိနစ်တွင် တိုက်စစ်မှူး စထက်နိုင်ဝင်းကပင် သွင်းယူပေးရာ ဟက်ထရစ်ဂိုး သွင်းရှင်ဖြစ်သွားသည်။

စက်တင်ဘာ ၁၈ရက်ကယှဉ်ပြိုင်ကစားသော အဆင့်မြင့်တန်းအမှတ်ပေး ဘောလုံးပြိုင်ပွဲတွင် ကမ္ဘောဇအသင်းက Eleven အသင်းကို သုံးဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

### ယနေ့ပွဲ

စက်တင်ဘာ ၂၀ရက် **(ယနေ့)** ညနေ ၄နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲအဖြစ် မြို့တော်စည်ပင်အသင်းနှင့် ဆောက်လုပ်ရေးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

## ပိုက်ကျော်ခြင်းပြိုင်ပွဲ

**အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် (၁၃)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲကို စက်တင်ဘာ၁၄ရက်မှ စတင်၍ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားရုံ၌ကျင်းပလျက်ရှိရာ စက်တင်ဘာ၂၀ရက်** (ယနေ့) **နံနက် ၈နာရီတွင် အမျိုးသားနှစ်ယောက်တွဲ ဒုတိယ အဆင့်ရှုံးထွက်ပွဲစဉ်နှင့် အမျိုးသမီးနှစ်ယောက်တွဲ ကွာတားဖိုင်နယ်၊ အကြိုဗိုလ်လုပွဲနှင့် တတိယနေရာလုပွဲ တို့ကို ဆက်လက်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။**

## ပထမတန်းအမှတ်ပေးဘောလုံးပြိုင်ပွဲ Air Bagan အသင်းအနိုင်ရရှိ

**မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၇-၂၀၀၈ခုနှစ် ဘောလုံးရာသီ ပထမတန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄နာရီက စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်း၌ ယှဉ်ပြိုင်ကစားရာ Air Bagan အသင်းက Golden Hill Tower အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။**

**Air Bagan အသင်းအတွက် အနိုင်ဂိုးများကို တင်ဝင်းအောင်က နှစ်ဂိုး၊ ဝေလင်းနှင့် အောင်ကျော်မြင့်တို့က တစ်ဂိုးစီသွင်းယူပေးကြသည်။**

**စက်တင်ဘာ ၁၈ ရက်က ယှဉ်ပြိုင်ကစားသော ပထမတန်းအမှတ်ပေး ဘောလုံးပြိုင်ပွဲတွင် တပ်မတော်(ရေ)အသင်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။**

### ယနေ့ပွဲ

**စက်တင်ဘာ ၂၀ ရက်** (ယနေ့) **ညနေ ၄နာရီတွင် စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်း၌ ပထမတန်းအမှတ်ပေးဘောလုံးပြိုင်ပွဲအဖြစ် တပ်မတော် (လေ)အသင်းနှင့် သတ္တုတွင်း အသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။**

## ဒုတိယတန်းနှင့်တတိယတန်းအမှတ်ပေးဘောလုံးပြိုင်ပွဲ

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၇-၂၀၀၈ ခုနှစ် ဘောလုံးရာသီ ဒုတိယတန်းနှင့် တတိယတန်းအမှတ်ပေးဘောလုံးပြိုင်ပွဲများကို စက်တင်ဘာ၁၇ရက်က စတင် ယှဉ်ပြိုင်ကစားလျက်ရှိသည်။

စက်တင်ဘာ၂၀ရက်**(ယနေ့)**ညနေ ၄နာရီတွင် ကြည့်မြင်တိုင်မြို့နယ် စလင်းအားကစားကွင်း၌ ဘေဘီဗိုက်တာအသင်းနှင့် လမ်းမတော် လူငယ်အသင်း၊ တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ K.S.S အသင်းနှင့် ကြယ်ပွင့်လေးများ (ခ)အသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

**■ ရှေ့ဖုံးမှ**

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် နောင်ချိုမြို့နယ် တောင်ခမ်းရှိ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း မျိုးထိန်းမျိုးပွားခြံသို့ ရောက်ရှိပြီး ဒုတိယ အထွေထွေမန်နေဂျာ ဦးမျိုးသက်ရွှေ၏ ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက ခြံတည်ဆောက်ရေးကိစ္စကို အမြန်ဆုံးဆောင်ရွက်ရန် မှာကြားပြီး တည်ဆောက်ဆဲခြံများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

## ကြည့်ရှုအားပေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် နံနက် ၁၁ နာရီတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နယ် ကျွဲကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းရှင် ဦးမောင်ထွန်း၏ စိမ်းလန်းမြေ ကုမ္ပဏီလီမိတက် လက်ဖက်စိုက်ပျိုးရေးခြံသို့လည်းကောင်း၊ မွန်းလွဲပိုင်းတွင် လားရှိုးမြို့ နားလျံဒေသ လူငယ်အားမာန် လက်ဖက်စိုက်ပျိုးရေးလုပ်ငန်း စိန်ဝတ်မှုန်ကုမ္ပဏီလီမိတက် လက်ဖက်ဧက ၃၀၀ စိုက်ပျိုးရေးစီမံကိန်းသို့လည်းကောင်း သွားရောက်ပြီး လက်ဖက်စိုက်ပျိုးခင်းကို ကြည့်ရှုအားပေးသည်။

## ကြိုးပမ်းစိုက်ပျိုး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဗလမင်းထင်ကုမ္ပဏီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို) လူငယ်အားမာန် ရော်ဘာစိုက်ပျိုးရေးလုပ်ငန်း၊ စိန်ဝတ်မှုန်ကုမ္ပဏီတို့၏ ရော်ဘာဧက ၄၀၀၀ စိုက်ပျိုးရေး စီမံကိန်းသို့ ရောက်ရှိပြီး စီမံကိန်း မန်နေဂျာဦးမျိုးရီ၏ ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက ရော်ဘာထက် လက်ဖက်စိုက်ပျိုးရေးမှာ အကျိုးအမြတ် ပိုမိုရရှိနိုင်သဖြင့် လက်ဖက်စိုက်ပျိုးရေးကို ကြိုးပမ်းစိုက်ပျိုးသွားရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် လားရှိုးမြို့ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ကုန်းမြင့်ယာမြေ ဧက ၅၀၀၀ ဖော်ထုတ်ရေး စီမံကိန်းသို့လည်းကောင်း၊ ညနေပိုင်းတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို) ဗလမင်းထင်ကုမ္ပဏီ၊ (နားလျံဒေသ) မွေးမြူရေး၊ အစားအစာနှင့်နို့ထွက်ပစ္စည်းလုပ်ငန်း အဆင့်မြင့် ဝက်မွေးမြူရေးခြံ(လားရှိုး)တို့ အကျိုးတူပူးပေါင်း ဆောင်ရွက်သည့်အသားတိုး ဝက်မွေးမြူရေးခြံကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် လားရှိုးမြို့ နားဖကျေးရွာရှိ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း အဆင့်မြင့် ဝက်မွေးမြူရေးခြံသို့ ရောက်ရှိပြီး ရှင်းလင်းဆောင်၌ အထွေထွေမန်နေဂျာ ဒေါက်တာပြည့်စုံ၏ ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက မျိုးကောင်းမျိုးသန့်ဝက်များကို ပိုမိုထုတ်လုပ် ဖြန့်ဖြူးသွားရန် မှာကြားပြီး ဝက်သားခွဲဆောင်၊ မျိုးဝက်ဆောင်နှင့် အစာစပ် စက်ရုံတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်၊ မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့သည် စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ဘက်စုံစိုက်ပျိုးမွေးမြူရေး စခန်းရှိ အဆင့်မြင့် တိရစ္ဆာန်အစာ မြက်စိုက်ခင်းများ၊ ဖရီးရှန်နို့စားမွေးမြူရေးခြံ၊ မိဘမျိုးအသားတိုး ကြက်ခြံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

## ဖြည့်ဆည်း

ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်ရှိ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန တိုင်းဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ မန္တလေးမြို့မှ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနလုပ်ငန်းများမှ ဝန်ထမ်းများနှင့် တွေ့ဆုံကာ သား၊ ငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်သွားရမည့် ရှေ့လုပ်ငန်းစဉ်များကို မှာကြားပြီး မွေးမြူရေး လုပ်ငန်းရှင် ဦးတင်မြင့်၏ စံပြမွေးမြူရေးနှင့် အစားအစာထုတ်လုပ်ရေး စက်ရုံကို သွားရောက်ကြည့်ရှုအားပေးကာ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**● ရှေ့ဖုံးမှ**

ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက ဖြည့်စွက်ဆွေးနွေးမှာကြားပြီး စီမံကိန်း၏လက်ဝဲဘက် ကမ်းတွင် ဖိအားနိမ့်သံမဏိ ပိုက်လိုင်း တပ်ဆင်ခြင်းလုပ်ငန်း၊ တပ်ဆင်ပြီးစီးသော ပိုက်လိုင်းများတွင် ကွန်ကရစ်လုပ်ငန်း ဆောင်ရွက်နေသည်တို့ကိုလည်းကောင်း၊ ပင်မတမံတွင် ကျောက်ဖို့ခြင်းလုပ်ငန်း၊ ရေယူအဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်းနှင့် ရေယူအဆောက်အအုံ ချဉ်းကပ်တံတား တည်ဆောက်ခြင်း လုပ်ငန်းတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် စီမံကိန်း လက်ယာဘက်ကမ်းသို့ ရောက်ရှိပြီး ရေထိန်းမျှော်စင်နှင့် ရေပိုလွှဲ တည်ဆောက်ခြင်းလုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား စီမံကိန်းကို သတ်မှတ်ကာလထက်စော၍ ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ရေး၊ မိုးနှောင်းရာသီတွင် ဖြစ်ပေါ်တတ်သော သဘာဝ ဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရန်အတွက် စီမံချက်ရေးဆွဲထားသည့်အတိုင်း သတိဝီရိယဖြင့် နေ့ညမပြတ် စောင့်ကြပ်ဆောင်ရွက်ရေး၊ စီမံကိန်းလုပ်ငန်းများ တွင်ကျယ်စွာ ဆောင်ရွက်နိုင်ရေးအတွက် အပိုင်းလိုက်လုပ်ငန်းတာဝန် ခွဲဝေလုပ်ကိုင်ကြရေး၊ ပွင့်လင်းရာသီတွင် လုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ တစ်ပြိုင်နက် လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည်များကိုကြိုတင်စီစဉ်ထားရှိရေး၊ လုပ်ငန်းသုံးပစ္စည်းများ ပြတ်လပ်မှုမရှိအောင် ကြိုတင်စုဆောင်းထားရှိရေး၊ သစ်တောသစ်ပင်နှင့် သဘာဝ အလှအပများ မပျက်စီးအောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ မိုးရာသီဖြစ်၍ ယာဉ်နှင့်စက်ယန္တရားများကို ဂရုတစိုက်မောင်းနှင်ထိန်းသိမ်းရေး၊ အလေအလွင့်နည်းပါးရေး၊ ခြိုးခြံချွေတာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးတို့ကို ဆွေးနွေးမှာကြား၍ လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းသည်စက်တပ်ဆင်အင်အားမဂ္ဂါဝပ် ၆၀ ဖြစ်ပြီး တည်ဆောက်မှုလုပ်ငန်းမှာ စီမံကိန်းတစ်ခုလုံး၏ ၅၇ ဒသမ ၇ရာခိုင်နှုန်း ပြီးစီးနေပြီ ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့ရှိ အထည်ချုပ်စက်ရုံ လုပ်ငန်းခွင်တစ်နေရာကို စက်တင်ဘာ ၁၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# ဘင်္ဂလားဒေ့ရှ်မှ အသင့်ဝတ်အထည် ရှစ်သန်း ၂၀၀၈ ခုနှစ်၌ အိန္ဒိယသို့ တင်ပို့မည်

ဒါကာ စက်တင်ဘာ ၁၉

**လာမည့် ၂၀၀၈ ခုနှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အိန္ဒိယနိုင်ငံသို့ အသင့်ဝတ်အထည် ရှစ်သန်းတင်ပို့ရေး သဘောတူစာချုပ်တစ်ရပ်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့၌ စက်တင်ဘာ ၁၆ ရက်က လက်မှတ်ရေးထိုးခဲ့ကြောင်း ပုဂ္ဂလိကသတင်းဌာနတစ်ခုဖြစ်သည့် ယူအင်န်ဘီသတင်းဌာနက သတင်းထုတ်ပြန်ချက်၌ ဖော်ပြသည်။**

အဆိုပါ သဘောတူညီမှုသည်အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရေးနှင့် လွတ်လပ်စွာကုန်သွယ်ရေး သဘောတူညီမှု၏ တစ်စိတ်တစ်ဒေသဖြစ်သည်။

**အခွန်ကင်းလွတ်**

လာမည့်တစ်နှစ်အတွင်း ဘင်္ဂလားဒေ့ရှ်မှတင်ပို့သော အသင့်ဝတ်အထည်များအပေါ်၌ အကောက်ခွန် ကင်းလွတ်ခွင့် ပြုမည်ဖြစ်ကြောင်းလည်း သဘောတူညီမှုတွင် ပါရှိသည်။

**စတင်မည်**

ဘင်္ဂလားဒေ့ရှ် နိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံသို့ အသင့်ဝတ်အထည်များ ပထမ အသုတ်တင်ပို့မှုကို ၂၀၀၈ခုနှစ် ဇန်နဝါရီလတွင် စတင်မည်ဖြစ်သည်။

**ဖော်ပြ**

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အိန္ဒိယနိုင်ငံသို့ ယခုတင်ပို့မည့် အသင့်ဝတ်အထည်ရှစ်သန်း၏တန်ဖိုးမှာအမေရိကန်ဒေါ်လာ သန်း ၄၀ နီးပါးရှိပြီး ကမ္ဘာတစ်ဝန်းသို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှအသင့်ဝတ်အထည်တင်ပို့မှုမှာ နှစ်စဉ် အမေရိကန် ဒေါ်လာ ၉ ဒသမ၂ ဘီလီယံရှိကြောင်း အဆိုပါသတင်းတွင်ဖော်ပြပါရှိသည်။ အိန္ဒိယနိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဒုတိယအကြီးဆုံး ကုန်သွယ်ဖက် နိုင်ငံဖြစ်ကာ နှစ်စဉ်အမေရိကန်ဒေါ်လာ ၂ဘီလီယံတန်ဖိုးရှိ ကုန်စည်များ တင်ပို့လျက်ရှိကြောင်း သိရသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

# အမေရိကန်၏ အကြမ်းဖက်တိုက်ဖျက်ရေးငွေကြေးသုံးစွဲမှု နိုင်ငံ့စီးပွားရေးကို ခြိမ်းခြောက်လျက်ရှိ

ဝါရှင်တန် စက်တင်ဘာ ၁၉

**အကြမ်းဖက်တိုက်ဖျက်ရေးအတွက် အလွန်အကျွံ ငွေကြေးသုံးစွဲမှုများသည် အချိန်တိုကာလအတွင်း အမေရိကန်စီးပွားရေးကို အကြီးအကျယ်ခြိမ်းခြောက်လာနေသည်ဟု အမေရိကန်စီးပွားရေးပညာရှင်များ၏ လူထုသဘောထားကောက်ယူမှုတစ်ရပ်က ဖော်ပြထားကြောင်း သည်ဝေါစထရိတ်ဂျာနယ်၌ ဖော်ပြသည်။**




အမေရိကန်စီးပွားရေးလုပ်ငန်းများဆိုင်ရာအဖွဲ့က ပြောကြားရာတွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးအတွက် ငွေကြေးသုံးစွဲမှုကြောင့် အကြွေးတင်မှုများ ဖြစ်ပေါ်ခြင်းသည် အလွန်စိုးရိမ်စရာကောင်းသော ပြဿနာဖြစ်သည်ဟု ဆိုသည်။

**ဆိုးကျိုးသက်ရောက်စေ**

သဘောထားဆန္ဒ ကောက်ယူမှုတွင် အမေရိကန်စီးပွားရေး ထိခိုက်မှုကို အကြမ်းဖက်မှု တိုက်ဖျက်ရေးအတွက် သုံးစွဲမှုက ထိပ်ဆုံးနေရာ၌ရှိနေပြီး လောင်စာ စွမ်းအင် ဈေးနှုန်းမြင့်တက်မှုက အမေရိကန်စီးပွားရေး ထိခိုက်မှုကို ၁၃ ရာခိုင်နှုန်းခန့်သာ ဆိုးကျိုးသက်ရောက်စေကြောင်း ၎င်းဂျာနယ်က ပြောကြားသည်။

**သဘောထားရယူ**

အဆိုပါ ပြည်သူ့သဘောထား ကောက်ယူမှုကို ယခုနှစ် ဇူလိုင် ၂၄ရက်မှ ဩဂုတ်၁၄ ရက်အထိ နေရာစုံမှ လူထုသဘောထားရယူခဲ့ခြင်း ဖြစ်သည်။

**အမ်အင်န်အေ၊ဆင်ဟွာ**




**တရုတ်နိုင်ငံ ဟူဘေးပြည်နယ် ယီချန်မြို့ရှိ စတိုးဆိုင်တစ်ဆိုင်တွင် လက်ကိုင်ဖုန်းဝယ်ယူရန် ကြည့်ရှုနေသူ တစ်ဦးအား စက်တင်ဘာ ၁၇ရက်က တွေ့ရစဉ်။**

(တရုတ်နိုင်ငံအတွင်း လက်ကိုင်ဖုန်းအသုံးပြုသူအရေအတွက်မှာ သန်း ၆၀၀ကျော် ရှိနေပြီဖြစ်ကြောင်း သိရသည်။)

**(ဓာတ်ပုံ-အင်တာနက်)**

# အင်ဒိုနီးရှား၌ မော်တော်ဆိုင်ကယ် ရောင်းချမှုမြင့်တက်

**ဂျကာတာ စက်တင်ဘာ ၁၉**

အင်ဒိုနီးရှားနိုင်ငံအတွင်း၌ မော်တော်ဆိုင်ကယ်များ ရောင်းချနိုင်မှုမှာ ယခုနှစ် ဩဂုတ်လအတွင်းတွင် မော်တော်ဆိုင်ကယ်စီးရေ ၄၂၉၁၅၆ စီး ရောင်းချနိုင်ခဲ့ပြီး ၁၇ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။

**အရောင်းရဆုံး**

မော်တော်ဆိုင်ကယ်ရောင်းချမှုတွင် ဟွန်ဒါမော်တော်ဆိုင်ကယ်မှာ ဦးဆောင်လျက်ရှိပြီး စီးရေ ၁၈၇၅၄၄စီး ရောင်းချနိုင်ခဲ့ကြောင်း၊ ယမဟာ မော်တော်ဆိုင်ကယ်မှာ ဒုတိယနေရာတွင် ရှိနေကာ စီးရေ ၁၆၈၇၀၈စီး ရောင်းချနိုင်ခဲ့ပြီး တတိယအရောင်းရဆုံးအဖြစ် ဆူဇူကီး မော်တော်ဆိုင်ကယ်မှာ စီးရေ ၆၅၃၃၄စီးရောင်းချနိုင်ခဲ့ကြောင်း အင်ဒိုနီးရှား မော်တော်ဆိုင်ကယ်ထုတ်လုပ်ရေးအဖွဲ့ (အေအိုင်အေအက်စ်)က သတင်းထုတ်ပြန်သည်။

အင်ဒိုနီးရှားနိုင်ငံအတွင်းတွင် ယခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ မော်တော်ဆိုင်ကယ်စီးရေ ၂ဒသမ ၉သန်း ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

# ဘဂ္ဂဒက်အနောက်ပိုင်းတွင် ပစ်ခတ်မှုဖြစ်ပွား ကိုးဦးသေဆုံး

**ဘဂ္ဂဒက် စက်တင်ဘာ ၁၉**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အနောက်ပိုင်း၌ စက်တင်ဘာ၁၆ရက်က စစ်ယာဉ်တန်းတွင် လုံခြုံရေးအဖြစ်လိုက်ပါလာသောလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အကြမ်းဖက်သမားများ အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားရာ အရပ်သားကိုးဦး သေဆုံးပြီး ၁၅ဦး ဒဏ်ရာရခဲ့ကြောင်း ရဲသတင်းရပ်ကွက်တစ်ခုက ပြောကြားသည်။

ဘဂ္ဂဒက်မြို့ ရာမွတ်ဒေသရှိ အယ်လ်နူဆော့ရင်ပြင်အနီးတွင် အဆိုပါ ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး ကိုးဦးသေဆုံးကာ ၁၅ဦးဒဏ်ရာရခဲ့ကြောင်း၊ ထိခိုက်ဒဏ်ရာရသူများကို နီးစပ်ရာ အယ်လ်ယာမွတ်ခ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရကြောင်း ယင်းသတင်းတွင် ဆက်လက်ဖော်ပြသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

# ရဲတပ်ဖွဲ့ဝင်များ နှိမ်နင်းမှုကြောင့် ကင်ညာ၌ ဓားပြခုနစ်ဦးသေဆုံး

**နိုင်ရိုဘီ စက်တင်ဘာ ၁၉**

ကင်ညာနိုင်ငံတွင် ရွေးကောက်ပွဲ၏ ရှေ့ပြေးအဖြစ် လုံခြုံရေးဌာနများသည် နိုင်ငံအနှံ့အပြား လုံခြုံရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ ကမ်းရိုးတန်းမြို့ဖြစ်သော မာလင်ဒီတွင် ရဲတပ်ဖွဲ့ဝင်များ၏ ကြိုးပမ်းနှိမ်နင်းမှုများကြောင့် ဓားပြခုနစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

**အပြန်အလှန်ပစ်ခတ်**

ယင်းခုနစ်ဦးသည် မွန်ဘာဆာမြို့နှင့် မာလင်ဒီမြို့ကို ဆက်သွယ်သော အဝေးပြေးလမ်းမတွင် ယာဉ်မောင်းများထံမှ ဓားပြတိုက်လုယူရန် ကြိုးစားမှုနှင့် မာလင်ဒီမြို့ရှိ ဆေးဆိုင်တစ်ဆိုင်မှ ပစ္စည်းများအား ခိုးယူရန် ကြံစည်မှုတို့ကြောင့် ဖမ်းဆီးရန် ကြိုးပမ်းစဉ် အပြန်အလှန်ပစ်ခတ်မှုများ ဖြစ်ပွားကာ သေဆုံးခဲ့ကြကြောင်း မွန်ဘာဆာမြို့ ရဲတပ်ဖွဲ့အကြီးအကဲ ကင်ဂိုရီမွမ်တီက ပြောကြားသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**



**ပျက်စီး**

**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို စက်တင်ဘာ ၁၇ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# မလေးရှား အဲအာရှအိတ်စ် လေကြောင်းလိုင်း တရုတ်နှင့် ဩစတြေးလျသို့ ပျံသန်းမည်

ကွာလာလမ်ပူ စက်တင်ဘာ ၁၉

**မလေးရှားနိုင်ငံ၏ အဲအာရှ အိတ်စ်လေကြောင်းလိုင်းသည် တရုတ်နှင့်ဩစတြေးလျနိုင်ငံများသို့ ပထမဆုံးအကြိမ်အဖြစ် စတင်ပျံသန်းမည်ဖြစ်ကြောင်း မလေးရှားမီဒီယာများက စက်တင်ဘာ ၁၈ရက်၌ ဖော်ပြသည်။**

အဲအာရှအိတ်စ် လေကြောင်းသည် လာမည့်လမှ စတင်ကာ အရှေ့အလယ်ပိုင်းနိုင်ငံများသို့လည်း ပြေးဆွဲမည်ဖြစ်ကြောင်း အဆိုပါ လေကြောင်းလိုင်းမှ အုပ်ချုပ်မှုအကြီးအကဲ အက်ဇန် အိုစမန်က ပြောကြားသည်။

**စီစဉ်ဆောင်ရွက်**

အဲအာရှအိတ်စ် လေကြောင်းလိုင်းမှ လေယာဉ်များအနေဖြင့် တရုတ်နှင့်ဩစတြေးလျနိုင်ငံများသို့ ပျံသန်းရန် စီစဉ်ဆောင်ရွက်မှုများ ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

**ထုတ်ပြန်ခြင်းမပြု**

သို့သော် အဆိုပါ လေကြောင်းလိုင်းအနေဖြင့် တရုတ်နှင့်ဩစတြေးလျနိုင်ငံများသို့ ပျံသန်းမည့် လေယာဉ်ခရီးစဉ်များနှင့် ပတ်သက်သည့် အချိန်စာရင်းကို တိကျစွာ ထုတ်ပြန်ထားခြင်း မပြုကြောင်း သိရသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**



ရုရှားနိုင်ငံ မော်စကိုမြို့ရှိ အာကာသလေ့ကျင့်ရေးစခန်းတွင်လေ့ကျင့်နေသည့် မလေးရှားနိုင်ငံနှင့် ရုရှားနိုင်ငံတို့မှ အာကာသယာဉ်မှူးများအား စက်တင်ဘာ ၁၇ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)



ပြသ

**တရုတ်နိုင်ငံ ဂန်ဒီပြည်နယ်ရှိ ရတနာ အရောင်းခန်းမ၌ ပြသထားသည့် ကာရက် ၂၆ ဒသမ၆၂ရှိ စိန်ကို စက်တင်ဘာ ၁၇ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# ဆီးရီးယားနှင့် ငြိမ်းချမ်းရေး ဆွေးနွေးရန်အသင့်ရှိ အစ္စရေးဝန်ကြီးချုပ် အီဟွတ်အိုလ်မက် ပြောကြား

ဂျေရုဆလင် စက်တင်ဘာ ၁၉

**အစ္စရေးဝန်ကြီးချုပ် အီဟွတ်အိုလ်မက်က ဆီးရီးယားသမ္မတ ဘာရှာအယ်လ်အာဆတ်နှင့် ငြိမ်းချမ်းရေး ကိစ္စရပ်များနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးရန် အသင့်ရှိနေကြောင်း စက်တင်ဘာ ၁၇ရက်၌ ပြောကြားလိုက်သည်။**

အစ္စရေးတို့က ဆီးရီးယားပိုင်နက်အတွင်း လေကြောင်းမှ တိုက်ခိုက်ခဲ့ပြီးနောက် ရက်အနည်းငယ်အကြာတွင် အစ္စရေးဝန်ကြီးချုပ်က ယခုကဲ့သို့ ပြောကြားခြင်း ဖြစ်သည်။

**ပစ်ခတ်ခြင်းမဟုတ်**

အစ္စရေးတို့ အနေဖြင့် ဆီးရီးယားပိုင်နက်အတွင်း ဆီးရီးယားတို့၏ စစ်ဘက်ရေးရာ ပစ်မှတ်များကို ပစ်ခတ်ခြင်းမဟုတ်ကြောင်း၊ ဟစ်ဇ်ဘိုလာ လက်နက်ကိုင်များ၏ စခန်းများကို တိုက်ခိုက်ခြင်းဖြစ်ကြောင်း အစ္စရေး ဝန်ကြီးချုပ် အိုလ်မက်က ပြောကြားသည်။မိမိတို့အနေဖြင့် ဆီးရီးယားနှင့် ငြိမ်းချမ်းရေး ရရှိရန်လိုလားကြောင်း၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြုလုပ်ရန် ဆန္ဒရှိနေကြောင်း အစ္စရေး ဝန်ကြီးချုပ် အီဟွတ်အိုလ်မက်က ဂျေရုဆလင်မြို့၌ သတင်းထောက်များအား ပြောကြားသည်။

**အမ်အင်န်အေ၊ရိုက်တာ**

# အိုဇုန်းလွှာပါးလွှာမှု ချီလီနှင့်ဂျပန်ပူးပေါင်းကာကွယ်မည်

ဆန်တီယာဂို စက်တင်ဘာ ၁၉

**ချီလီနိုင်ငံ ပါတာဂိုနီးယားဒေသတွင် ခရမ်းလွန်ရောင်ခြည်နှင့် အိုဇုန်းလွှာပါးလွှာမှုများကို ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်ကြရန် ချီလီနှင့် ဂျပန်တို့ စက်တင်ဘာ ၁၆ရက်က သဘောတူလက်မှတ်ရေးထိုးလိုက်ကြသည်။**

**ဆောင်ရွက်မည်**

အဆိုပါလုပ်ငန်းကို ဂျပန်နိုင်ငံ၏ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု အေဂျင်စီ(ဂျိုက်ကာ)က ရန်ပုံငွေ အကုန်အကျခံကာ ဆောင်ရွက်မည် ဖြစ်သည်။

**အကျိုးသက်ရောက်**

ခရမ်းလွန်ရောင်ခြည် တိုးမြင့်ခံစားရမှုနှင့် လေထုလွှာလျော့နည်းလာမှုတို့ အကျိုးသက်ရောက်မှုများကို ယခုထက်ပိုမိုခံစားရမှုမဖြစ်ပေါ်အောင် ပြုလုပ်သွားကြမည်ဖြစ်သည်။

**အကောင်အထည်ဖော်**

အဆိုပါ အစီအစဉ်ကို လေးနှစ်အတွင်း အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ချီလီနိုင်ငံ သဘာဝပတ်ဝန်းကျင် ကော်မရှင်မှ တာဝန်ရှိသူများက ပြောကြားသည်။

**ပူးပေါင်းပါဝင်**

ချီလီနိုင်ငံသည် အိုဇုန်းလွှာပါးလွှာမှုနှင့်ပတ်သက်၍ ဂျပန်နိုင်ငံထံ ပူးပေါင်းပါဝင်မှုကို ကြိုဆိုကြောင်း ချီလီနိုင်ငံ သဘာဝပတ်ဝန်းကျင်ရေးရာ ဝန်ကြီး အနာလွှာက ပြောကြားသည်။

**(အင်တာနက်)**

# အာရှစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမြင့်တက်

**မနီလာ စက်တင်ဘာ ၁၉**

ယခုနှစ်အတွင်း အာရှနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအနေဖြင့် ၈ဒသမ ၃ရာခိုင်နှုန်း တိုးတက်နိုင်မည်ဖြစ်ကြောင်း၊ အာရှနိုင်ငံများအတွင်း တရုတ်နှင့်အိန္ဒိယနိုင်ငံတို့သည်ပထမအဆင့်တွင်ရှိကြောင်း အာရှဖွံ့ဖြိုး တိုးတက်မှုဘဏ်(အေဒီဘီ)က စက်တင်ဘာ ၁၇ရက်၌ သတင်းထုတ်ပြန်သည်။ ယခုနှစ် ပထမနှစ်ဝက်အတွင်း အာရှနိုင်ငံများတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုပမာဏအနေဖြင့် တရုတ်နှင့်အိန္ဒိယနိုင်ငံတို့၏ ပြည်တွင်းကုန်ထုတ်လုပ်မှုမှာ ၅၅ဒသမ၃ ရာခိုင်နှုန်း ရှိသည်။

**မြင့်တက်**

အာရှနိုင်ငံများအတွင်း အခြေခံစီးပွားရေးအခြေအနေများ တိုးတက်လာသည်နှင့်အမျှ အရှေ့တောင်အာရှနိုင်ငံများဖြစ်သည့် အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် စီးပွားရေးခိုင်မာတိုးတက်လျက်ရှိသည်။

အာရှနိုင်ငံများအနေဖြင့် ယခင်နှစ် အလားတူကာလက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုပမာဏမှာ ၇ဒသမ၆ ရာခိုင်နှုန်းရှိရာ ယခုနှစ်အတွင်း ၈ဒသမ၃ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

# ဘိုဟိုင်းပင်လယ်အတွင်း သင်္ဘောနှစ်စင်းတိုက်မိ

**ပေကျင်း စက်တင်ဘာ ၁၉**

တရုတ်နိုင်ငံ ဘိုဟိုင်းပင်လယ်အတွင်း၌ စက်တင်ဘာ ၁၆ ရက်က ဂျာမနီမှ ကွန်တိန်နာ သင်္ဘောနှင့် ပနားမား ကုန်တင်သင်္ဘောနှစ်စင်း ခေါင်းချင်းဆိုင်တိုက်မှုဖြစ်ပွားခဲ့ကြောင်း တရုတ်ရေတပ် ကယ်ဆယ်ရေး အဖွဲ့က စက်တင်ဘာ ၁၇ ရက်တွင် ပြောကြားသည်။ ယင်းဖြစ်ပွားမှုတွင် ဒဏ်ရာရရှိသူများစာရင်းကို ထုတ်ပြန်ကြေညာခြင်းမရှိသေးပေ။

တရုတ်နိုင်ငံ ရှန်ဒေါင်းပြည်နယ်မြို့မြောက်ပိုင်းရှိ ဟန်တီမြို့ ၄၁မိုင် အကွာပင်လယ်ပြင်တွင် ယင်းနေ့ ည ၇နာရီ မိနစ်၄၀ ခန့်က ရုတ်တရက် သင်္ဘောနှစ်စင်းတိုက်မိကြောင်း သိရသည်။

ယင်းသို့ဖြစ်ပွားပြီး သုံးနာရီအတွင်း ကယ်ဆယ်ရေးတပ်ဖွဲ့များ ရောက်ရှိလာရာ ပနားမား ကုန်တင်သင်္ဘောမှ သင်္ဘောသား ၂၆ဦးနှင့် ဂျာမနီနိုင်ငံ ကွန်တိန်နာ သင်္ဘောမှ သင်္ဘောသား ၂၂ ဦးတို့အား ကယ်ဆယ်နိုင်ခဲ့သည်။ ကယ်ဆယ်ရေး ကင်းလှည့်ရဟတ်ယာဉ်များ ရောက်ရှိဆောင်ရွက်ပေးလျက်ရှိကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**



ကွန်ပျူတာ စင်တာ

**နိုင်ဂျီးရီးယားနိုင်ငံ လေဂို့စ်မြို့ရှိ ကွန်ပျူတာအရောင်းခန်းမကို စက်တင်ဘာ ၁၇ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)



မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းမြို့သို့ ပူးတွဲလေ့ကျင့်ရန်နှင့် ကိုရီးယားအိုးပင်း (၂၀၀၇) ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် သွားရောက်မည့် မြန်မာ့လက်ရွေးစင် တိုက်ကွမ်ဒိုအသင်းအတွက် ဂုဏ်ပြုငွေကျပ် ၁၀သိန်း ပေးအပ်ရာ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဌေးမြင့် လက်ခံယူစဉ်။ (တိုက်ကွမ်ဒိုအဖွဲ့ချုပ်)

# မြန်မာ့လက်ရွေးစင် တိုက်ကွမ်ဒိုအသင်းအား ဂုဏ်ပြုတည်ခင်း

**ရန်ကုန် စက်တင်ဘာ ၁၉**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် စက်တင်ဘာ ၁၅ရက် ည ၇ နာရီတွင် ရန်ကုန်မြို့ ယုဇနဟိုတယ်၌ကျင်းပသည့် ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းမြို့သို့ ပူးတွဲလေ့ကျင့်ရန်နှင့် ကိုရီးယား အိုးပင်း(၂၀၀၇)ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် သွားရောက်မည့် မြန်မာ့လက်ရွေးစင် တိုက်ကွမ်ဒိုအသင်းအား မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဌေးမြင့် ဂုဏ်ပြုတည်ခင်းသည့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်သို့ ဂုဏ်ပြုငွေကျပ်၁၀သိန်းနှင့် အားကစားဝတ်စုံများပေးအပ်ရာ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဌေးမြင့်က လက်ခံသည်။

## လက်ခံ

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးက မြန်မာ့လက်ရွေးစင် တိုက်ကွမ်ဒိုအသင်းသို့ ဂုဏ်ပြုငွေကျပ်နှစ်သိန်းကိုပေးအပ်ရာ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြဟန်က လက်ခံသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ စစ်သံမှူးက အမှာစကားပြောကြားသည်။

## တည်ခင်းဧည့်ခံ

ယင်းနောက် မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဌေးမြင့်က ဂုဏ်ပြုအမှာစကားပြောကြားပြီး မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ် သင်တန်းနည်းပြဆရာတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြား၍ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အာရှ(ယူ-၁၉)အမျိုးသမီးဘောလုံးပြိုင်ပွဲ မြန်မာ(ယူ-၁၉)အမျိုးသမီးအသင်း ယှဉ်ပြိုင်မည်

**ရန်ကုန် စက်တင်ဘာ ၁၉**

အာရှဘောလုံးအဖွဲ့ချုပ်(AFC)က ကြီးမှူးကျင်းပသည့် ၂၀၀၇ခုနှစ် အာရှအသက်(၁၉)နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲ (AFC U-19 Women's Championship 2007) ကို တရုတ်နိုင်ငံ ချွမ်ချင်းမြို့၌ အောက်တိုဘာ ၅ ရက်မှ ၁၆ရက်အထိ ကျင်းပမည်ဖြစ်ရာ ခြေစစ်ပွဲအောင်မြင်ထားသော အသက် (၁၉)နှစ်အောက် မြန်မာ့လက်ရွေးစင် အမျိုးသမီး ဘောလုံးအသင်း ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်သည်။

## ပါဝင်ယှဉ်ပြိုင်

၂၀၀၇ ခုနှစ် အာရှ(ယူ-၁၉) အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် အိမ်ရှင် တရုတ်အသင်းနှင့်အတူ ခြေစစ်ပွဲ အောင်မြင်ထားကြသော မြောက်ကိုရီးယား၊ ဂျပန်၊ ဩစတြေးလျ၊ မြန်မာ၊ တောင်ကိုရီးယား၊ တရုတ်(တိုင်ပေ)နှင့် ထိုင်းအသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ရှစ်သင်းကို လေးသင်းစီပါဝင်သော အုပ်စုနှစ်ခုခွဲ၍ အုပ်စုပတ်လည်အမှတ်ပေးပွဲစဉ်များ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အုပ်စုတစ်ခုစီမှ ပထမနှင့် ဒုတိယရရှိကြသော အသင်းများသည် အကြိုဗိုလ်လုပွဲသို့ တက်ရောက်ယှဉ်ပြိုင်ခွင့် ရရှိမည်ဖြစ်သည်။

အုပ်စုပွဲစဉ် ရေးဆွဲထားမှုအရ အုပ်စု (က)တွင် မြောက်ကိုရီးယားအသင်း၊ ဂျပန်အသင်း၊ ဩစတြေးလျအသင်းနှင့် မြန်မာအသင်း၊ အုပ်စု(ခ)တွင် အိမ်ရှင် တရုတ်အသင်း၊ တောင်ကိုရီးယားအသင်း၊ တရုတ်(တိုင်ပေ)အသင်းနှင့် ထိုင်းအသင်းတို့ ပါဝင်ကြသည်။

## ပွဲစဉ်များ

အုပ်စုပွဲစဉ်များအဖြစ် အောက်တိုဘာ ၁၀ ရက်တွင် အုပ်စု(ခ)မှ တောင်ကိုရီးယားနှင့် တရုတ်(တိုင်ပေ)၊ တရုတ်နှင့် ထိုင်း၊ အောက်တိုဘာ ၆ ရက်တွင် အုပ်စု(က) မှ မြောက်ကိုရီးယားနှင့် မြန်မာ၊ဂျပန်နှင့် ဩစတြေးလျ၊ အောက်တိုဘာ ၇ ရက်တွင် အုပ်စု(ခ)မှ ထိုင်းနှင့် တောင်ကိုရီးယား၊ တရုတ် (တိုင်ပေ)နှင့် တရုတ်၊ အောက်တိုဘာ ၈ ရက်တွင် အုပ်စု(က)မှ မြန်မာနှင့် ဂျပန်၊ ဩစတြေးလျနှင့် မြောက်ကိုရီးယား၊ အောက်တိုဘာ ၉ ရက်တွင် အုပ်စု(ခ)မှ တရုတ်နှင့် တောင်ကိုရီးယား၊ ထိုင်းနှင့် တရုတ် (တိုင်ပေ)၊ အောက်တိုဘာ ၁၀ ရက်တွင် အုပ်စု(က)မှ မြောက်ကိုရီးယားနှင့် ဂျပန်၊ မြန်မာနှင့် ဩစတြေးလျတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

အကြိုဗိုလ်လုပွဲစဉ်များကို အောက်တိုဘာ ၁၃ ရက်တွင် လည်းကောင်း၊ နောက်ဆုံးဗိုလ်လုပွဲစဉ်များကို အောက်တိုဘာ ၁၆ ရက်တွင် လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

## တာဝန်ယူဆောင်ရွက်

၂၀၀၇ခုနှစ် အာရှ (ယူ-၁၉)အမျိုးသမီးဘောလုံးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ(ယူ-၁၉) အမျိုးသမီး ဘောလုံးအသင်းတွင်အဖွဲ့ခေါင်းဆောင်အဖြစ် ဦးဌေးအောင်(ကျောင်းအုပ်ကြီး၊ အားကစားနှင့် ကာယပညာသိပ္ပံ၊ မန္တလေး)၊ အုပ်ချုပ်သူအဖြစ် ဒေါ်မြတ်မြတ်ဦး၊ နည်းပြများအဖြစ် ဦးဝင်းမြင့်သွင် (မြို့တော်စည်ပင်)နှင့် ဦးအုန်းကြိုင် (စက်မှု-၁)၊ အတွင်းရေးမှူးအဖြစ် ဒေါ်မိမိမော် (အား/ကာဦးစီးဌာန)၊ အသင်းဆရာဝန်အဖြစ် ဒေါက်တာ မော်လီချစ်(အား/ကာဦးစီးဌာန)တို့က တာဝန်ယူဆောင်ရွက်ကြမည်ဖြစ်သည်။

## ပါဝင်ကြ

အသက်(၁၉)နှစ်အောက် မြန်မာ့

**သတင်းဆောင်းပါး-ကိုထွေး**

လက်ရွေးစင် အမျိုးသမီးဘောလုံး အားကစားသမားများအဖြစ် **(ဂိုး)** သင်းသင်းစိုး(ပို့ဆောင်ရေး)၊ ခင်ခင်မူ (ပြည်ထဲရေး)၊ **(နောက်တန်း)** စုစုထွန်း၊ ရွှေစင်အောင်(စက်မှု-၁)၊ အေးအေးခိုင် (ပြည်ထဲရေး)၊ မြင့်မြင့်အေး (ပို့ဆောင်ရေး)၊ အေးအေးမာ၊ ခင်မျိုးဝင်း၊ ဆုမွန်အောင်၊ ဇင်မာဝင်း (အား/ကာသိပ္ပံ၊ မန္တလေး)၊ **(အလယ်တန်း)** မေသက်ဖြူ၊ နီလာမြင့်၊ ခင်မိုးဝေ(ပြည်ထဲရေး)၊ စုငြိမ်းအေး(ပို့ဆောင်ရေး)၊ သီရိမြတ်၊ နန်းနှင်းနှင်းအေး (အား/ကာသိပ္ပံ၊ မန္တလေး)၊ **(ရှေ့တန်း)** မူမူလွင် (ပို့ဆောင်ရေး)၊ ခင်မာလာထွန်း(အား/ကာသိပ္ပံ၊မန္တလေး) နော်အားလိုဝါးဖော (အား/ကာသိပ္ပံ၊ရန်ကုန်)တို့ ပါဝင်ကြသည်။

မြန်မာ (ယူ-၁၉) အမျိုးသမီး ဘောလုံးအသင်းသည် ၂၀၀၆ ခုနှစ် နိုဝင်ဘာ ၈ရက်မှ ၁၅ရက်အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပသည့် အာရှ (ယူ-၁၉) အမျိုးသမီး ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲစဉ်၌ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ရာ ခြေစစ်ပွဲ အောင်မြင်ခဲ့သည်။

## ဂိုးကွာခြားချက်

အဆိုပါ ခြေစစ်ပွဲစဉ်၌ မြန်မာ၊ အိန္ဒိယ၊ဂျော်ဒန်၊ ထိုင်းနှင့် စင်ကာပူအသင်းတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ထိုင်းအသင်းက ပထမ၊ မြန်မာအသင်းက ဒုတိယရရှိပြီး ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်း ဖြစ်သည်။ ထိုင်းအသင်းနှင့် မြန်မာအသင်းတို့ ၁၀မှတ်စီ တူညီသော်လည်း ဂိုးကွာခြားချက်အရ ထိုင်းအသင်း ပထမရရှိသွားသည်။

ခြေစစ်ပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ရာ၌ မြန်မာ(ယူ-၁၉) အမျိုးသမီး ဘောလုံးအသင်းသည် အိန္ဒိယအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ဂျော်ဒန်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ စင်ကာပူအသင်းကို ၁၁ ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ထိုင်းအသင်းနှင့် သုံးဂိုးစီ သရေကျခဲ့သည်။

## ပထမဆုံးအကြိမ်

မြန်မာ (ယူ -၁၉) အမျိုးသမီးဘောလုံးအသင်းသည် ၂၀၀၆ ခုနှစ် မတ် ၅ရက်မှ ၉ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် အာရှ (ယူ-၁၉) အမျိုးသမီးဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲစဉ်၌ ပထမဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်း မရှိချေ။

အဆိုပါခြေစစ်ပွဲစဉ်၌ ဩစတြေးလျ ၊ မြန်မာနှင့် ထိုင်းအသင်းတို့ပါဝင်ခဲ့ကြရာ ဩစတြေးလျအသင်းက နှစ်ပွဲနိုင် ခြောက်မှတ်ဖြင့် ပထမရရှိပြီး ခြေစစ်ပွဲအောင်မြင်သွားသည်။ မြန်မာအသင်းသည် ဩစတြေးလျအသင်းကို ခြောက်ဂိုး-ဂိုးမရှိ၊ ထိုင်းအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ ဩစတြေးလျအသင်းက ထိုင်းအသင်းကို ခြောက်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

## ခြေစစ်ပွဲစဉ်

မြန်မာ (ယူ-၁၉) အမျိုးသမီး ဘောလုံးအသင်းသည် အာရှ(ယူ-၁၉) အမျိုးသမီး ဘောလုံးပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ပြီးပါက ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ အောက်တိုဘာ၃ရက်မှ နိုဝင်ဘာ ၁၂ ရက်အထိ ကျင်းပမည့် ၂၀၀၈ အာရှ (ယူ-၁၉) အမျိုးသမီး ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲစဉ်တွင် ထပ်မံဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

၂၀၀၈ အာရှ(ယူ-၁၉) အမျိုးသမီး ဘောလုံးပြိုင်ပွဲ အုပ်စု( င)ခြေစစ်ပွဲစဉ်၌ အိမ်ရှင် ထိုင်း၊ ဂျပန်၊လာအို၊ မြန်မာ၊ မော်လဒိုက်နှင့် တရုတ် (တိုင်ပေ)တို့ ပါဝင်ကြပြီး ပထမနှင့် ဒုတိယရရှိသော နှစ်သင်း ခြေစစ်ပွဲ အောင်မြင်မည် ဖြစ်သည်။

## ချန်ပီယံ

၂၀၀၇ အာရှ (ယူ-၁၉) အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ(ယူ-၁၉) အမျိုးသမီးအသင်းမှ သင်းသင်းစိုး **(ဂိုး)**၊ မြင့်မြင့်အေး၊ ခင်မိုးဝေ၊ စုစုဝေ၊ ခင်မာလာထွန်း၊ ရွှေစင်အောင်နှင့် မာဂရက်မေရီတို့သည် ၂၀၀၇ခုနှစ် တတိယအကြိမ် အာဆီယံ အမျိုးသမီး ဘောလုံးပြိုင်ပွဲ တွင် ထိုင်းအသင်းကို အနိုင်ရရှိပြီး ဗိုလ်စွဲခဲ့သော ချန်ပီယံမြန်မာ့လက်ရွေးစင်အမျိုးသမီး ဘောလုံးအသင်း၌ ပါဝင်ခဲ့ကြသူများ ဖြစ်သည်။

မြန်မာ (ယူ-၁၉) အမျိုးသမီး ဘောလုံးအသင်းသည် ခြေစစ်ပွဲစဉ်မှ ပြန်လည်ရောက်ရှိပြီး နောက်ပိုင်း ပဏာမလက်ရွေးစင် ၂၆ဦးဖြင့် စခန်းဝင်လေ့ကျင့်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့် မေလအတွင်းက မန္တလေးမြို့၌ ကျင်းပခဲ့သည့် ပြည်နယ်နှင့်တိုင်း အမျိုးသမီးဘောလုံးပြိုင်ပွဲကာလအတွင်း၌သာ သက်ဆိုင်ရာ အသင်းများသို့ အားကစားသမားများ စေလွှတ်ပေးခဲ့ရသဖြင့် လေ့ကျင့်မှုများကို ခေတ္တရပ်နားခဲ့ရသည်။

## စေလွှတ်ပေးထားရ

အဆိုပါ ပြည်နယ်နှင့်တိုင်း အမျိုးသမီး ဘောလုံးပြိုင်ပွဲ အပြီးတွင် ဆက်လက်လေ့ကျင့်မှုများပြုလုပ်ခဲ့ရာ မြန်မာ့လက်ရွေးစင် အမျိုးသမီး ဘောလုံးအသင်းအတွက် သင်းသင်းစိုး**(ဂိုး)**၊ မြင့်မြင့်အေး၊ အေးအေးခိုင်၊ ရွှေစင်အောင်၊ ဆုမွန်အောင်၊ ခင်မာလာထွန်း၊ မူမူလွင်၊ အိအိဖြိုး၊ အေးအေးမာ၊ စုစုထွန်း၊ ခင်မိုးဝေ၊ စုစုဝေနှင့် မာဂရက်မေရီတို့ စေလွှတ်ပေးထားရသဖြင့် လက်ကျန်ကစားသမားများဖြင့်သာ လေ့ကျင့်ခဲ့ရခြင်း ဖြစ်သည်။

## လူစုံတက်စုံ

ယခုအခါ အောင်ပွဲရ မြန်မာ အမျိုးသမီးဘောလုံးအသင်းမှ အားကစားသမား ခုနစ်ဦးကို မြန်မာ(ယူ-၁၉)အမျိုးသမီးဘောလုံးအသင်းနှင့် ပူတွဲလေ့ကျင့်မှုများ ပြုလုပ်နိုင်ရန် ပြန်လည်စေလွှတ်ပေးထားပြီး ဖြစ်သည်။ မြန်မာ (ယူ-၁၉) အမျိုးသမီး ဘောလုံးအသင်းသည် စက်တင်ဘာ ၂၀ရက် **(ယနေ့)** နံနက်ပိုင်းမှစ၍ လူစုံတက်စုံဖြင့် လေ့ကျင့်ပြီး မကြာမီရက်ပိုင်းအတွင်း အား/ကာသိပ္ပံ (ယူ-၁၄)အမျိုးသား ဘောလုံးအသင်းနှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန် စီစဉ်လျက်ရှိကြောင်း သတင်းစကားတင်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**



၂၀၀၇ခုနှစ် အာရှ(ယူ-၁၉) အမျိုးသမီးဘောလုံးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့် မြန်မာ(ယူ-၁၉) အမျိုးသမီး ဘောလုံးအသင်းမှ နည်းပြနှင့် အားကစားသမားများအား သုဝဏ္ဏကွင်း၌ ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

# မိတ္ထီလာမိုးကုတ်ရိပ်သာ ဝါတွင်းတရားစခန်းပွဲ

**ရန်ကုန် စက်တင်ဘာ ၁၉**

မန္တလေးတိုင်း မိတ္ထီလာမြို့ ကံဦးရပ်ကြည်ကုန်နယ်မြေ ကျောင်းသစ်ကျောင်း မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ခွဲ အမှတ်(၁၂၉)၏ ဝါတွင်းကာလ အထူးတရားစခန်းပွဲ တတိပတ်ကို သီတင်းကျွတ်လဆန်း ၁ ရက်မှ ၇ ရက် (အောက်တိုဘာ ၁၂ ရက်မှ ၁၈ ရက်) အထိကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲတွင် ရိပ်သာ ပဓာန နာယက ကျောင်းသစ်ကျောင်း ဆရာတော် မိတ္ထီလာဆရာတော် ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တပညာစာရက ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးတရား တော်များကို ဟောကြားမည်ဖြစ်ပြီး လှူဒါန်းရေကန့်သတ်ထားသဖြင့် ဖုန်း- ၀၆၄-၃၅၂၄၇သို့ ကြိုတင်စာရင်းပေးသွင်းနိုင်ရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

**ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား**

# ရလဒ်မပြတ်သားတဲ့ မော်ရင်ဟိုနဲ့ ဘင်နီတက်ဇ် မော်ကြွားနိုင်ခဲ့တဲ့ ဘန်ရှူးစတား

**ကိုးကားတင်ပြသူ-မောင်မောင်မြင့်ဆွေ**

**လန်ဒန် စက်တင်ဘာ ၁၉**

ချန်ပီယံလိဂ် အဖွင့်ပွဲစဉ်တွေကို စက်တင်ဘာ ၁၈ရက်က စတင်ကစားခဲ့တဲ့အခါ နာမည်ကြီး အင်္ဂလန်အသင်း နှစ်သင်းဖြစ်တဲ့ ချယ်လ်ဆီးနဲ့ လီဗာပူးတို့ ထင်တိုင်းမပေါက်တဲ့အပြင် ရှုံးပွဲမတွေ့အောင် မနည်းကြိုးစားခဲ့ရလို့ ချန်ပီယံလိဂ်အဖွင့်ပွဲစဉ် ညချမ်းမှာ အင်္ဂလန်ပရိသတ်တွေ စိတ်ပန်းလူပန်း ဖြစ်ခဲ့ကြရပါတယ်။

## မဖန်တီးနိုင်ခဲ့

ချန်ပီယံလိဂ် စာမျက်နှာ အဖွင့်မှာ ချယ်လ်ဆီးတို့ အိမ်ကွင်း၌ ရိုစင်ဘော့ကို ခက်ခက်ခဲခဲ ညှိခံပြီး တစ်မှတ်ရအောင် အကြိတ်အနယ်ရုန်းကန်ခဲ့ရပါတယ်။ ပရီမီယာလိဂ်မှာ မျက်နှာမလှဖြစ်နေတဲ့ မော်ရင်ဟိုဟာ ချန်ပီယံလိဂ်အဖွင့်ပွဲစဉ်မှာလည်း ပြတ်သားတဲ့ရလဒ်တစ်ခုကို မဖန်တီးနိုင်ခဲ့ပြန်ပါဘူး။

ချယ်လ်ဆီးဟာ ချန်ပီယံလိဂ်ဖလားရယူဖို့ အာရုံအပြည့်စိုက်ထားတဲ့အသင်းဖြစ်တာမို့ အသင်းငယ် တစ်သင်းသာဖြစ်တဲ့ ရိုစင်ဘော့ကို အမာခံလူတွေ အကုန်ထုတ်သုံးခဲ့ပါ



**လီဗာပူးနည်းပြ ဘင်နီတက်ဇ်။** (ဓာတ်ပုံ-အင်တာနက်)

တယ်။ ရှက်ဗ်ချင်ကို၊ကာလူး၊ ဂျိုကိုးလ်၊တယ်ရီနဲ့ အက်ဆီယံတို့လို ချယ်လ်ဆီးရဲ့ ထိပ်တန်းကစားသမားတွေ ထည့်သုံးခဲ့ပေမယ့် ရိုဆင်ဘော့ကို အပေါ်စီးက မကစားနိုင်ခဲ့ပါဘူး။

## စိတ်မသက်မသာ

ရိုစင်ဘော့ရဲ့ အဖွင့်ဂိုးကို ကော့ပင်နန်က ခေါင်းတိုက်ပြီး သွင်းယူခဲ့လို့ မော်ရင်ဟို ပျာယာခတ်သွားခဲ့ပါတယ်။ ဒါပေမယ့် ပွဲချိန် ၅၃ မိနစ်မှာ မာလူဒါ ခင်းပေးလိုက်တဲ့ ဘောလုံးကို ရှက်ဗ်ချင်ကိုက သွင်းယူလိုက်လို့တစ်ဂိုးစီ သရေ ဖြစ်သွားခဲ့ပြီး မော်ရင်ဟို စိတ်မသက်မသာနဲ့ တစ်မှတ်ရယူနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။

ဒီပွဲအပြီးမှာ မော်ရင်ဟိုက ရိုစင်ဘော့ကို ဒီလောက်ကစားနိုင်လိမ့်မယ်လို့ မထင်ဘူး၊ ချယ်လ်ဆီးအသင်းကစားပုံက အကောင်းဆုံး မဟုတ်ခဲ့ပါဘူး၊ အမှန်က ဒီပွဲ အနိုင်ရမယ့်ပွဲပါ။

## အိပ်မက်မဟုတ်

ကျွန်တော့်လူတွေကို ရိုစင်ဘော့ ခံစစ်မှူးတွေက ကောင်းကောင်း ဟန့်တားနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ခံစစ်အသားပေးလွန်းတဲ့အသင်းနဲ့ ကစားရတာ စိတ်တိုင်းမကျပါဘူး။ တကယ်တမ်းဆိုရင် တစ်ပွဲလုံးကို ချယ်လ်ဆီးက လွှမ်းမိုးကစားနိုင်ခဲ့တာကို ကြည့်ရင် ချယ်လ်ဆီးရဲ့ မျှော်လင့်ချက်ဟာ အိပ်မက်မဟုတ်ဘူးဆိုတာ သိနိုင်ပါတယ်လို့ ပြောကြားခဲ့ပါတယ်။

ဒီလိုပါပဲ ပေါ်တိုကွင်းမှာသွားကစားခဲ့ရတဲ့ လီဗာပူးတို့လည်း စောစောစီးစီး ပယ်နယ်တီအပေးခံလိုက်ရတာကြောင့် ပေါ်တိုတို့ဂိုးစတင် ရရှိသွားခဲ့တာကို လီဗာပူးရဲ့ ဒက်ကွတ်ဇ်က ပွဲချိန်၁၇မိနစ်မှာ ခေါင်းတိုက်သွင်းယူပေးခဲ့လို့ တစ်ဂိုးစီသရေပွဲဖြစ်ပြီး ဘင်နီတက်ဇ် အဝေးကွင်းမှာ တစ်မှတ်ယူပြီး အိမ်ပြန်နိုင်ခဲ့ပါတယ်။ဒါပေမယ့် ဒုတိယပိုင်းအစလောက်မှာ ပင်းနန့် အနီကတ်ပြ အထုတ်ခံရပြီး ၁၀ ယောက်တည်းနဲ့ သရေပွဲဖြစ်အောင် ခံစစ်အားပြုပြီး လီဗာပူးတို့ ခက်ခဲကြမ်းတမ်းတဲ့ အချိန်တွေကို ဖြတ်သန်းခဲ့ရပါတယ်။ဒီပွဲနဲ့ပတ်သက်ပြီး လီဗာပူးနည်းပြ ဘင်နီတက်ဇ်က ပေါ်တိုအသင်းကစားတာ အရမ်းကောင်းတော့ ကျွန်တော့်လူတွေ အမှားအယွင်းတွေ လုပ်ခဲ့တာရှိပါတယ်။



**ဘာနေဗျူးမှာ အောင်ပွဲခံနိုင်ခဲ့တဲ့ ဘန်ရှူးစတား။** (ဓာတ်ပုံ-အင်တာနက်)

## ကျေနပ်ပါတယ်

အမှန်အတိုင်းပြောရရင် သရေဖြစ်အောင် မနည်းကြိုးစားခဲ့ရတယ်။ မာရှေယာနိုနဲ့ ဂျရတ်တို့ ကစားတာကောင်းပါတယ်။ နောက်ပိုင်းမှာ တစ်ယောက်လျော့သွားတဲ့အတွက် ဂိုးမပေးရရေးနဲ့ တန်ပြန်တိုက်စစ်က ဂိုးရရေးကို ဦးစားပေးခဲ့ရတယ်။ ကျွန်တော်တို့အတွက် ဒီပွဲဟာ ပွဲကျပ်တစ်ခုပါပဲ။ ဒီနှစ် ချန်ပီယံလိဂ် ပြိုင်ပွဲဟာ ကျွန်တော်ထင်တာထက် ပိုခက်ခဲမယ်လို့ ပြောချင်ပါတယ်။ ပွဲဦးထွက် အဝေးကွင်းမှာ ပေါ်တိုကို သရေကစားခဲ့ရတဲ့ ရလဒ်ကို ကျေနပ်ပါတယ်လို့ ပြောကြားနေပါတယ်။

## ခက်ခက်ခဲခဲ

လီဗာပူးနည်းပြ ဘင်နီတက်ဇ်က လီဗာပူးဟာ ဒီနှစ် ချန်ပီယံလိဂ်မှာ ခက်ခက်ခဲခဲဖြတ်သန်းရမယ်လို့လည်း ဆိုနေပြန်ပါတယ်။ ဒီလိုပါပဲ ရီးရဲမက်ဒရစ်တို့က အိမ်ကွင်းဘာနေဗျူးမှာ ဝါဒါဘရီမင်ကိုအနိုင်ယူပြီးတဲ့နောက် ရီးရဲမက်ဒရစ်နည်းပြ ဘန်ရှူးစတားကတော့ ရီးရဲမက်ဒရစ်ဟာ ချန်ပီယံလိဂ်ဖလား ရယူနိုင်တဲ့ခြေစွမ်း ရှိနေပါပြီ။

## ဟန့်တားနိုင်

ပြိုင်ဘက်တွေကို မတွန့်မဆုတ် ယှဉ်ပြိုင်သွားဖို့လည်း အသင့်ဖြစ်နေပြီဆိုတော့ နိုင်ပွဲတွေရယူဖို့ပဲ အားစိုက်သွားရ



**ချန်ပီယံလိဂ်အဖွင့်ပွဲစဉ်မှာ ပြုံးပန်းမပွင့်နိုင်တဲ့ မော်ရင်ဟို။** (ဓာတ်ပုံ-အင်တာနက်)

တော့မှာပါ။ ဒီပွဲမှာ ကျွန်တော်တို့က ပွဲတစ်လျှောက်လုံး အပေါ်စီးကစားနိုင်ခဲ့တဲ့အပြင် ရာအူးလ် ဂိုးစသွင်းပြီးနောက်မှာ ကျွန်တော်တို့ အနိုင်ရမယ်ဆိုတာ ယုံကြည်နေခဲ့ပါတယ်။ ဒါပေမယ့် ဝါဒါဘရီမင်ခံစစ်ကြောင်းက အမှားအယွင်း မရှိအောင် ကျွန်တော့်တိုက်စစ်မှူးတွေကို ဟန့်တားနိုင်ခဲ့လို့ နစ္စတယ်ရွိုင်း တစ်ဂိုးထပ်သွင်းပြီးတဲ့နောက်မှာ ဂိုးထပ်မရတော့တာပါ။ ဘာပဲဖြစ်ဖြစ် ဒီပွဲကစားပုံနဲ့ ရလဒ်ဟာ ကျွန်တော်တို့အသင်းနဲ့ ထိုက်တန်ပါတယ်လို့ ပြောကြားသွားခဲ့ပါတယ်။ ။

**(ကိုးကား-အင်တာနက်)**

---

## ခေါင်းတိုက်သွင်းယူ

**ချယ်လ်ဆီးအသင်းအတွက် ချေပဂိုးကို ရှက်ဗ်ချင်ကိုက ဤသို့ ခေါင်းတိုက်သွင်းယူခဲ့သည်။**

(ဓာတ်ပုံ-အင်တာနက်)



# ချန်ပီယံလိဂ်ပထမဆင့်အုပ်စုပွဲစဉ်များ ယှဉ်ပြိုင်
# လက်ရှိချန်ပီယံအေစီ အိမ်ကွင်း၌ရလဒ်ကောင်း

**စုစည်းတင်ပြသူ မြင့်မောင်စိုး**

လန်ဒန် စက်တင်ဘာ ၁၉

**ချန်ပီယံလိဂ်ပထမဆင့်အုပ်စုပွဲစဉ်များကို စက်တင်ဘာ ၁၈ ရက်ညပိုင်းက စတင်ကစားခဲ့ရာ ပရီမီယာလိဂ် ကလပ်များဖြစ်ကြသည့် ချယ်လ်ဆီးနှင့် လီဗာပူး အသင်းတို့သည် ယင်းတို့၏ပြိုင်ဘက်များအပေါ် သရေအဖြစ်သာ ကစားနိုင်ခဲ့သည်။**

## ချေပဂိုးသွင်းယူ

ချယ်လ်ဆီးအသင်းသည် ရိုစင်ဘော့အသင်းနှင့် ယှဉ်ပြိုင်ကစားရာတွင် တစ်ဖက်တစ်ဂိုးစီ သရေကစားခဲ့သည်။ ဧည့်သည်အသင်း ရိုစင်ဘော့က ပွဲစပြီး၂၄မိနစ်အကြာ ဦးဆောင်ဂိုး စသွင်းယူသည်။ ချယ်လ်ဆီးက ဒုတိယပိုင်း ၅၃မိနစ်တွင် ရှက်ဗ်ချင်ကိုက ချေပဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ယင်းပွဲတွင် ချယ်လ်ဆီးအသင်း၏ အဓိက ကစားသမားများဖြစ်ကြသည့် တိုက်စစ်မှူးဒရော့ဘာနှင့် ကွင်းလယ်ကစားသမားလမ်းပတ်တို့ ပါဝင်ကစားနိုင်ခြင်းမရှိပေ။

## ပေါ်တို-လီဗာပူး

အိမ်ရှင်ပေါ်တိုအသင်းသည် ပွဲစပြီး ရှစ်မိနစ်အကြာ ပယ်နယ်တီကန်ခွင့်ရသဖြင့် ဦးဆောင်ဂိုး စသွင်းယူနိုင်ခဲ့သည်။ သို့ရာတွင် ပွဲချိန်၁၇မိနစ်တွင် တိုက်စစ်မှူးဒက်ကွတ်ဇ်က လီဗာပူးအသင်းအတွက် ခေါင်းတိုက် ချေပဂိုးသွင်းယူပေးခဲ့သည်။

လီဗာပူးအသင်းမှ ပင်းနန့်သည် ပွဲချိန် ၅၈မိနစ်တွင် နှစ်ဝါတစ်နီဖြင့် ပြိုင်ပွဲမှ ထွက်သွားရသည်။ ၁၀ယောက် ၁၁ ယောက်ဖြစ်သွား၍ လီဗာပူးတို့ အောင်နိုင်ဂိုးသွင်းရန် ကြိုးစားသော်လည်း အိမ်ကွင်းအားသာချက်ရှိသော ပေါ်တိုအသင်း၏ခံစစ်ကို မကျော်နိုင်ဘဲ ဖြစ်ခဲ့ရသည်။

## အေစီမီလန်-ဘင်ဖီကာ

လက်ရှိချန်ပီယံအေစီမီလန်အသင်းသည် အိမ်ကွင်းအားသာချက်နှင့်အတူ ဘင်ဖီကာအသင်းအပေါ် အနိုင်ယူနိုင်ခဲ့သည်။ အေစီမီလန်အသင်းက ပွဲစပြီး ၂၃မိနစ်အတွင်း နှစ်ဂိုးသွင်းယူနိုင်ခဲ့သည်။ အေစီမီလန်အသင်းအတွက် ဂိုးများကို ပီဇာယိုနှင့် အင်ဇာဂီတို့က သွင်းယူခဲ့ခြင်းဖြစ်သည်။ ပွဲပြီးရန် မိနစ်၉၀ ပြည့်ချိန်တွင် ဘင်ဖီကာအသင်းက ချေပဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့သည်။

## ပွဲဦးထွက်ရလဒ်

အုပ်စု(က)မှ မာဆေးအသင်းသည် အိမ်ကွင်း၌ ဘက်ရှီးတပ်စ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရလိုက်၍ ပွဲဦးထွက် ရလဒ်ကောင်းသွားခဲ့သည်။

ထို့အတူ အုပ်စု(ခ)မှ ဗလင်စီယာအသင်းသည်လည်း ရော့လ်ကေး၏ အိမ်ကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် ရလဒ်ကောင်း အဖြေတစ်ခု ထုတ်ပြနိုင်ခဲ့သည်။

## တစ်မှတ်စီခွဲဝေ

အုပ်စု(ဂ)ပြိုင်ပွဲအဖြစ် အိုလံပီယာကော့စ်အသင်းနှင့် လာဇီရိုအသင်းတို့ သူနိုင် ကိုယ်နိုင်အပြိုင်ကြိုးစားခဲ့ကြသော်လည်း တစ်ဖက်တစ်ဂိုးစီဖြင့် တစ်မှတ်စီခွဲဝေယူသွားသည်။

## သုံးမှတ်ရရှိ

ယင်းအုပ်စု(ဂ)မှ ရီးရဲမက်ဒရစ်အသင်းသည် အိမ်ကွင်း၌ ဝါဒါဘရီမင်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး ရမှတ် သုံးမှတ်ရရှိသွားသည်။

## အနိုင်ရရှိ

အုပ်စု(ဃ)မှ ရှက်တာဒိုးနက်အသင်းသည်လည်း အိမ်ကွင်း၌ ဆဲလ်တစ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားခဲ့သည်။ ။

**(အင်တာနက်)**



## အကြိတ်အနယ် ယှဉ်ပြိုင်

**လီဗာပူးနှင့် ပေါ်တိုအသင်းတို့ ဤသို့ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြသည်။**

(ဓာတ်ပုံ-အင်တာနက်)

# ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကျောင်းဆောင်သစ်ဖွင့်ပွဲတက်ရောက် ကျွန်းစိုက်ခင်းများ ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များမှာကြား

**ရန်ကုန် စက်တင်ဘာ ၁၉**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် အင်္ဂပူမြို့ ကြံတောအခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်လှစ်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

## ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ တာဝန်ရှိသူများက ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ ကမ္ပည်းမော်ကွန်းအား ကျောင်းသူကလေးများက ရွှေကြိုးဆွဲဖွင့်လှစ်ပေးကြသည်။

ဆက်လက်ပြီး ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် တာဝန်ရှိသူများက ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာများ ပက်ဖျန်းပေးကြသည်။

*စာမျက်နှာ ၉ ကော်လံ ၁* ✻



**စီးပွားရေးကျွန်းစိုက်ခင်း**

**သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် မြန်အောင်မြို့နယ် ၂၀၀၇ ခုနှစ် စီးပွားရေး ကျွန်းစိုက်ခင်းဧက ၁၅၀ ကို ကြည့်ရှုစစ်ဆေးစဉ်။** (သစ်တောရေးရာ)

## နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး နှင့် တရားဥပဒေ စိုးမိုးရေး
- ✻ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

# ဧရာဝတီနှင့် ဒုဋ္ဌဝတီမြစ် မြစ်ရေကြီးမှု အခြေအနေ

နေပြည်တော် စက်တင်ဘာ ၁၉

**ဧရာဝတီမြစ်ရေသည် ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ စစ်ကိုင်းမြို့တွင် ၁၁၆၁ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက်၌ ၁၁ စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၁၅၀ အောက်သို့ ကျဆင်းနိုင်သည်။**

## မကွေးနှင့် မင်းဘူး

**ဧရာဝတီမြစ်ရေသည် ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ မင်းဘူးမြို့တွင် ၁၇၃၃စင်တီမီတာနှင့် မကွေးမြို့တွင် စင်တီမီတာ ၁၇၂၀ သို့ အသီးသီးရောက်ရှိနေကြပြီး စိုးရိမ်ရေမှတ်အထက်၌ မင်းဘူးမြို့တွင် ၃၃ စင်တီမီတာနှင့် မကွေးမြို့တွင် စင်တီမီတာ ၂၀ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း မင်းဘူးမြို့နှင့် မကွေးမြို့တို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၇၀၀ အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။**

## ဟင်္သာတ

**ဧရာဝတီမြစ်ရေသည် ယနေ့နံနက် ၆ နာရီခွဲတိုင်းထွာချက်အရ ဟင်္သာတမြို့တွင် ၁၃၆၅ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက်၌ ၂၃ စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့် မှ နောက်၇၂နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၃၄၂ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။**

## မြစ်ငယ်

**ဒုဋ္ဌဝတီမြစ်ရေသည် ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ မြစ်ငယ်မြို့တွင် ၈၉၁ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၂၁ စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၈၇၀ အောက်သို့ ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာထားသည်။**

(သတင်းစဉ်)

**မြန်မာ့အလင်း**

**ဆောင်းပါး အညွှန်း**



**နိုင်ငံတော်တစ်ဝန်း တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားအတွက် ရည်ရွယ်တည်ဆောက်ပေးခဲ့သော တံတားများကို ကြည့်လျှင် ၁၉၈၈ခုနှစ်မှ ၂၀၀၇ခုနှစ် ဇူလိုင်လအထိ ပေ ၁၈၀ အထက် တံတားစုစုပေါင်း ၂၀၇ စင်း ရှိခဲ့ပြီ။**

ကိုအာကာ၏ ဆောင်းပါး (စာ-၄)

# NLD ဗဟိုသည် တိကျပြတ်သားသောနိုင်ငံရေးလမ်းစဉ်မရှိ ပါတီခေါင်းဆောင်များ အာဏာရရှိရေးကိုသာ လုပ်ဆောင်နေ စစ်ကိုင်းမြို့နယ်မှ ပါတီဝင် ၁၇ ဦး စုပေါင်းနုတ်ထွက်

**ရန်ကုန် စက်တင်ဘာ ၁၉**

စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဖြဲတရော်ကျေးရွာနေ ဦးစက်မောင်၊ ဦးတင်သောင်း၊ ဦးသိန်း၊ ဦးကြည်မောင်၊ ဦးကော်၊ မင်းကွန်းကျေးရွာနေ ဦးဆောင်းဦး၊ ဦးဝင်းကို၊ ဦးကျော်မင်း၊ ဦးထွန်းထွန်းဦး၊ ဦးဝင်းနောင်၊ ဦးကြာဘော်၊ ဦးသိန်းဇော်၊ ဦးသန့်ဇင်၊ တကောင်းရပ်ကွက်နေ ဒေါ်နွဲ့၊ ညောင်ကုန်းကျေးရွာနေ ဦးတင်မြင့်၊ ဦးမူ၊ ဆင်မြေကျေးရွာနေ ဦးဌေးသိန်းတို့သည် စက်တင်ဘာ ၅ ရက်တွင် ၎င်းတို့သဘောဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများ ရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

စစ်ကိုင်းတိုင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင် အဖွဲ့ခွဲသို့ပေးပို့သော နုတ်ထွက်လွှာတွင် NLD ဗဟိုသည် တိကျပြတ်သားသော နိုင်ငံရေးလမ်းစဉ်မရှိကြောင်း၊ ပါတီခေါင်းဆောင်များ စိတ်ဝမ်းကွဲပြားနေပြီး အာဏာရရှိရေးကိုသာ လုပ်ဆောင်နေသဖြင့် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

20-9 (20) 1 9/20/07, 1:20 AM